စိတ်ကူးချိုချိုအနုပညာ
mgyoe.com

# ကပြားဒီမိုကရေစီ
# နှင့်
# အရပ်ဘက်စစ်ဘက်
# ဆက်ဆံရေး

သစ္စာနီ



mgyoe.com

ကပြားဒီမိုကရေစီ

အရပ်ဘက်စစ်အာဏာ

ဆက်ဆံရေး

ကျွန်တော်သည် နိုင်ငံရေးကို စိတ်ဝင်စားသည်။ သို့သော် ဟိုဝါဒ ဒီဝါဒနှင့် ဟိုပါတီ ဒီပါတီ ကိစ္စတွေကို စိတ်ဝင်စားသည် မဟုတ်။ … တို့ အရွယ်ရောက်စ မှာပင် …ဘက် ကျရောက်ရခဲ့ ရသည်ဖြစ်ရာ လူ့အခွင့်အရေး… အကြောင်းကို ကိုယ်တိုင် ရင်…မျှ ခံစားခဲ့ရ… ကြောင့် လူ့အခွင့်အရေး အတွက် တိုက်ပွဲဝင်မည် ဆိုသော …းဖြတ်ချက်နှင့် ဘဝ တစ်လျှောက်လုံး နေထိုင်ခဲ့သည်။ ဟာဗ်ကိုယ်တော် ကိုယ်စွမ်း သမျှ ဆန့်ကျင်…သည်။ ဒီမိုကရေစီစနစ်ကို ကျွန်တော် ထောက်ခံရခြင်း…ကမ္ဘာ…ရှိ အခြေအ… လူ့အခွင့်အရေးကို အများဆုံး အာမခံချက်ပေးနိုင်သည့် အ… ဖြစ်နေသော ကြောင့်ပင်။

ISBN 9789997116079
TSN5
2,200.00KS

mgyoe.com

ကပြားဒီမိုကရေစီနှင့်အရပ်ဘက်စစ်ဘက်ဆက်ဆံရေး သစ္စာနီ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၅၃+ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကပြားဒိမိုကရေစီနှင့် အရပ်ဘက်စစ်ဘက် ဆက်ဆံရေး

သစ္စာနီ

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ


– အမှာစကား အနည်းငယ် ဣ

အပိုင်း (၁)

၁။ ကပြားဒီမိုကရေစီနှင့် အရပ်ဘက်စစ်ဘက်ဆက်ဆံရေး ၁
၂။ အစိုးရ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြည်သူ ၄
၃။ လှေပေါက်ကို ဘယ်လိုဖာမည်နည်း (သို့မဟုတ်) အရပ်ဘက်စစ်ဘက်ဆက်ဆံရေး ၈
၄။ သည်မိုးသည်လေ သည်လူတွေနှင့် ၁၁
၅။ စစ်မှန်သော အမျိုးသား ရင်ကြားစေ့ရေး ၁၄
၆။ သုံးနားညီ ဒီမိုကရေစီ ၁၇
၇။ ဒီမိုကရေစီသတိ–ဒီမိုကရေစီအသိ ၂၁
၈။ အပြောင်းအလဲမှ အပြောင်းအလဲသို့ ၂၄
၉။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးနှင့် အဖွဲ့ချုပ် အနာဂတ် ၂၈
၁၀။ ရန်သူကို အမြစ်ဖြတ်ရမယ် ၃၁
၁၁။ အစိုးရနှင့် ပြည်သူ ထပ်တူကျ၊ မကျ ၃၄
၁၂။ ဘာလဲဟဲ့ ဒီမိုကရေစီ ၃၈
၁၃။ မြောက်ဦးစစ်တမ်း ၄၁


mgyoe.com

mgyoe.com
၁၄။ ရခိုင်ပြည်နယ်အရေးနှင့် လူသားချင်းစာနာမှု ၄၇
၁၅။ အရေးကြီးပြီ သွေးစည်းကြစို့ ၅၀
၁၆။ ပူပူလောင်လောင် ရခိုင် ဒိုင်ယာရီ ၅၃
၁၇။ အနာဂတ် ရခိုင်ပြည် ၅၆
၁၈။ လုံခြုံရေးကောင်စီ အပြောနှင့် ပကတိ အခြေအနေ ၆၀
၁၉။ တစ်မျိုးသားလုံးဆိုင်ရာ နိုင်ငံတော် ပြဿနာ ၆၄

## အပိုင်း (၂)

၁။ မြန်မာ့စီးပွားရေး (သို့မဟုတ်) နာမကျန်းသည် အိုနှင်းဆီ ၆၇
၂။ လက်ရှိမြန်မာနိုင်ငံ စီးပွားရေး ၇၀
၃။ ထင်းရှူးသေတ္တာ၊ ဆီးသီးဗန်းနှင့် ငါးကြီးကြီး ကြော်ခြင်း ၇၃
၄။ ထမင်းကြမ်း ယပ်ခတ်စားနိုင်ဖို့ဆိုရင် ၇၇
၅။ သူတစ်လူ ငါတစ်မင်း ဒီမိုကရေစီ ၈၀
၆။ ဒီမိုကရေစီနှင့် လူမှုမီဒီယာများ ၈၃
၇။ နိုင်ငံရေး တတိယအင်အားစု တကယ် လိုအပ်သလား ၈၇
၈။ ရှစ်လေးလုံးပါတီ ဂယက်များ ၉၂
၉။ ဘာလဲဟဲ့ သမ္မတ ၉၆
၁၀။ သမ္မတသစ် ဘာလဲ ဘယ်လဲ ၁၀၀
၁၁။ အမိတတာဝန် ဘာလဲ ၁၀၃
၁၂။ ငြိမ်းချမ်းရေး စကားဝိုင်းမှ ပျံ့လွင့်လာသော ၁၀၇
၁၃။ ငြိမ်းချမ်းရေး ဂယက်များ ၁၁၀
၁၄။ အမြင့်ဆုံး မျှော်လင့်ချက်နှင့် အနိမ့်ဆုံး လစာ ၁၁၃
၁၅။ လိုအပ်နေသော ပညာရေး ပြုပြင်ပြောင်းလဲမှု ၁၁၆
၁၆။ ပွင့်လင်း လူ့အဖွဲ့အစည်း ၁၁၉
၁၇။ ဒီမိုကရေစီ နောက်ကြောင်းပြန်ခြင်းနှင့် မဟာနအဖွဲ့ ၁၂၅
၁၈။ စိတ်ကူးယဉ်စရာ မြို့တော်ကြီး ၁၂၈
၁၉။ စာပေညီလာခံကိစ္စ ၁၃၁
၂၀။ ကဗျာ၊ ငြိမ်းချမ်းရေးနှင့် ထောင်ဒဏ် ၂ လ ၁၃၅
၂၁။ အကယ်ဒမီပွဲ၏ နောက်ဆက်တွဲ ဂယက်များ ၁၃၈
mgyoe.com

mgyoe.com

၂၂။ ပြည်တွင်းစစ်၏ အင်္ဂါရပ်များ (သို့မဟုတ်) ၁၄၂
ပြည်တွင်းစစ် အနာနဲ့ဆေး
၂၃။ ပြည်တွင်းစစ်နှင့် ပြည်ပပယောဂ ၁၄၆
၂၄။ ငြိမ်းချမ်းရေးမှတ်စုများ ၁၅၀

❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အမှာစကား အနည်းငယ်

(၁)

'လူသည် နိုင်ငံရေးသတ္တဝါ ဖြစ်သည်' ဆိုသော စကားသည် မှန်ပုံရသည်။ လက်ဖက်ရည်ဆိုင်၊ ကုန်စိမ်းတန်း၊ ဘတ်စ်ကားပေါ်နှင့် ဆိုက်ကားဂိတ်ပါမကျန် နိုင်ငံရေးစကား ပြောနေသော သူတွေကို ကျွန်တော် မကြာခဏ တွေ့နေရသောကြောင့် ဖြစ်သည်။ တိုင်းရေးပြည်ရေးကို သူတို့ စိတ်ဝင်စားကြသည်။ အဘယ်ကြောင့်ဆိုသော် (ရာစုနှစ်တစ်ဝက်ကျော်ကျော် ကြမ်းတမ်းသော သမိုင်းကြောင်းကို ဖြတ်သန်းခဲ့ရသော လူထုသည်) ကိုယ်နှင့်ရော စိတ်နှင့်ပါရင်း၍ လူမှုဘဝ စီးပွားအတွေ့အကြုံများကို သင်ခန်းစာ ကောင်းကောင်း ရထားသောကြောင့် ဖြစ်သည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် လူထုလူတန်းစားပေါင်းစုံ တက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြခြင်းက ဤအချက်ကို သက်သေခံ၍ နေလေသည်။

(၂)

ကျွန်တော်သည် နိုင်ငံရေးကို စိတ်ဝင်စားသည်။ သို့သော် ဟိုဝါဒ ဒီဝါဒနှင့် ဟိုပါတီ ဒီပါတီ ကိစ္စတွေကို စိတ်ဝင်စားသည် မဟုတ်။ ကျွန်တော်တို့ အရွယ်ရောက်စ

mgyoe.com

mgyoe.com



မှာပင် တစ်ပါတီအာဏာရှင် စနစ်အောက် ကျရောက်ရခဲ့ရသည်ဖြစ်ရာ လူ့အခွင့်အရေး ဆုံးရှုံးရမှုအကြောင်းကို ကိုယ်တိုင် ရင်နှင့်မမျှ ခံစားခဲ့ရသည်။ ထို့ကြောင့် လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်မည် ဆိုသော ဆုံးဖြတ်ချက်နှင့် ဘဝတစ်လျှောက်လုံး နေထိုင်ခဲ့သည်။ တစ်ကိုယ်တော် ကိုယ်စွမ်းသမျှ ဆန့်ကျင်ခဲ့သည်။ ဒီမိုကရေစီစနစ်ကို ကျွန်တော်ထောက်ခံရခြင်းမှာ လက်ရှိ အခြေအနေ၌ လူ့အခွင့်အရေးကို အများဆုံး အာမခံချက်ပေးနိုင်သည့် အယူဝါဒ ဖြစ်နေသောကြောင့်ပင်။

ကျွန်တော်သည် အခွင့်သာသလောက်မှ ယနေ့အချိန်အထိ နိုင်ငံရေးနှင့် ပတ်သက်သော အသိအမြင်၊ ဆောင်းပါးများကို အဆက်မပြတ် ဂျာနယ် မဂ္ဂဇင်းများတွင် ရေးသားခဲ့ကာ ယနေ့အထိ ထိုဆောင်းပါးများကို စုပေါင်းထားသော စာအုပ် (၁၇) အုပ် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ကျွန်တော် စာရေးသက် အနှစ် (၅၀) ကျော်အတွင်း စာအုပ်လုံးချင်း (၇၀) ကျော် ထုတ်ဝေခဲ့ရာတွင် အရေအတွက် အများဆုံးမှာ နိုင်ငံရေးနှင့် ပတ်သက်သော စာအုပ် ဖြစ်နေသည်ကို အံ့သြစွာ တွေ့ခဲ့ရသည်။

ယခုလည်း စုပေါင်းထုတ်ဝေရန် ကျန်ရှိနေသေးသော နိုင်ငံရေး ဆောင်းပါးများကို စုစည်းကာ ထုတ်ဝေလိုက်ခြင်းဖြစ်ရာ နိုင်ငံရေးကို စိတ်ပါဝင်စား သူတို့အတွက် တစ်နည်းတစ်ဖုံ အထောက်အကူ ဖြစ်လိုဖြစ်ငြားဟုသာ ပေါ့ပါးစွာ သဘောထားမိပါကြောင်း။

အားလုံးကို လေးစားလျက်

သစ္စာနီ

၂၂-၅-၂၀၁၈

mgyoe.com

mgyoe.com

အပိုင်း (၁)

## ကပြားဒီမိုကရေစီနှင့် အရပ်ဘက်စစ်ဘက် ဆက်ဆံရေး

ဇူလိုင်လ ၉ ရက်နေ့က ဆီဒိုးနား ဟိုတယ်တွင် ကျင်းပခဲ့သော အလုပ်ရုံ ဆွေးနွေးပွဲ တစ်ခုတွင် ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက–

**"အရပ်သား အုပ်ချုပ်ရေးစနစ် တက်လာပေမယ့် အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေး** ဆိုတာ ဒီမိုကရေစီခေတ်မှာ မရှိပါဘူး။ ကာကွယ်ရေးဦးစီးချုပ်ဆိုတာ ကျွန်တော်တို့ Protocol အရဆိုရင် ညွှန်ကြားရေးမှူးချုပ် Level ပဲ ဖြစ်ပါတယ်"

ပြောကြားခဲ့ရာမှာ အငြင်းပွားဖွယ် ပြဿနာတစ်ရပ် ပေါ်ပေါက်လာကာ နိုင်ငံရေးနှင့် သက်ဆိုင်သော အသိုက်အဝန်း၌ စိတ်ဝင်စားမှု မြင့်တက်သော အကြောင်းအရာ ဖြစ်လာခဲ့သည်။ တပ်မတော်ကလည်း ဤကိစ္စနှင့်ပတ်သက်၍ အစိုးရက လိုအပ်သလို စိစစ်အရေးယူပေးရန် (ဇူလိုင်လ ၁၁ ရက်နေ့) တင်ပြခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ တစ်ဖန် ဇူလိုင်လ ၁၂ ရက်တွင် သဘောထား ကြေညာချက် တစ်ရပ်ကို ထပ်မံထုတ်ပြန်ပြန်သည်။ ထိုထုတ်ပြန်ချက်အရ – (၁) ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ **လက်လွတ်စပယ်နှင့် ထိပ်တိုက်ရင်ဆိုင်မှုပုံစံ** ပြောကြားချက်သည်၊ (၂) နိုင်ငံတော်အစိုးရ၏ အမျိုးသား ရင်ကြားစေ့ရေး ဦးတည်ချက်ကို ထိခိုက်စေသည့် (အပြင်)၊ (၃) စဉ်ဆက်မပြတ် တည်ဆောက်သွားရမည် ဖြစ်

mgyoe.com

mgyoe.com


သော ရေရှည်ဆက်ဆံရေး လုပ်ငန်းစဉ်များအတွက်လည်း အခက်အခဲ ဖြစ်လာစေနိုင်သူ (ဖြစ်ကြောင်းသုံးသပ်)၊ (၄) (ထို့ကြောင့်) တပ်မတော်အနေဖြင့် အပြုသဘောဖြင့် ရေရှည်ဆက်ဆံရေး မသင့်လျော်သောကြောင့် ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား လိုအပ်သလို စိစစ်အရေးယူပေးရန် အရပ်စကားဖြင့် တိုတိုရှင်းရှင်းပြောရလျှင် ဦးဖြိုးမင်းသိန်းအား ဖယ်ရှားပေးဖို့ ပြောခြင်းသာ ဖြစ်သည်။ ဦးဖြိုးမင်းသိန်းကို ဆက်ထားရှိလျှင် တပ်မတော်နှင့် ရေရှည် (အပြုသဘော) ဆက်ဆံသွားရန် မဖြစ်နိုင်ကြောင်း အတိအလင်း ဖွင့်ဟပြောဆိုထားတာ တွေ့ရသည်။

လက်ရှိအစိုးရအတွက် အကျပ်အတည်းတစ်ရပ်ဖြစ်ကာ မှန်ကန်သော ဆုံးဖြတ်ချက်ကိုချဖို့ အခက်အခဲ ကြုံစေရသည်။ တကယ်တော့ ဤပြဿနာ ဖြစ်ရသည်မှာ နဂိုကပင် ကျွန်တော်တို့ နိုင်ငံ၌ ကျင့်သုံးဆောက်တည်နေသော ကပြားဒီမိုကရေစီ (Hybrid Democracy) စနစ်က အရင်းအမြစ် ကျနေလေသည်။ အတိုက်အခံ NLD ပါတီသည် သောင်ပြို ကမ်းပြိုနိုင်သော်လည်း ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရသာ အစိုးရအဖွဲ့ကို ဖွဲ့စည်းခွင့်ရှိလေရာ အနောက်ဥရောပနိုင်ငံများကဲ့သို့ တင်းပြည့်ကျပ်ပြည့် လွတ်လပ်သော ဒီမိုကရေစီအစိုးရပုံစံ မည်သို့မျှ အသွင်မဆောင်နိုင်ဘဲ ရှိနေသည်။ ဒုသမ္မတ တစ်ယောက်က တပ်မတော်ဘက်က ဖြစ်သည်။ အရေးပါသော ဝန်ကြီး သုံးနေရာ (ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် နယ်စပ်လုံခြုံရေး) ဝန်ကြီးများက ကာကွယ်ရေးဦးစီးချုပ် (အမည်တင်သွင်း) ခန့်အပ်သူများ ဖြစ်သည်။ လွှတ်တော်ထဲတွင် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်တွေက အဓိကကျသော ဥပဒေများကို (ဥပမာ ၄၃၆ ပြင်ဆင်ရေး) ချုပ်ကိုင်၍ ထားသည်။ အရပ်တစ်ပိုင်း၊ စစ်တစ်ပိုင်းအုပ်ချုပ်ရေး၊ အရပ်ဘက်၊ စစ်ဘက်တွဲစပ်နေသော အုပ်ချုပ်ရေး ပုံစံ၊ ဒါကြောင့်လည်း ဒီမိုကရေစီက ကပြားဒီမိုကရေစီဟု ဆိုရခြင်း ဖြစ်သည်။

ဦးဖြိုးမင်းသိန်း စကားများက စစ်မှန်သော ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးနေသော စနစ်ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။ (ဒီမိုကရေစီခေတ် ဟူသော စကားအစား စစ်မှန်သော ဒီမိုကရေစီနိုင်ငံများတွင်ဟု သုံးစွဲသင့်သည်)။ ယခု အသုံးအနှုန်းကြောင့် မြန်မာနိုင်ငံကို ရည်ရွယ်ပြောဆို

mgyoe.com

mgyoe.com


သလို ဖြစ်သွားသည်။ စစ်မှန်သော ဒီမိုကရေစီနိုင်ငံများတွင် ကာကွယ်ရေး ဦးစီးချုပ်ဟူသည်မှာ ကာကွယ်ရေးဝန်ကြီး လက်အောက်တွင်သာရှိရသည့် ဝန်ထမ်း အကြီးအကဲသာ ဖြစ်သည်။ မြန်မာနိုင်ငံ ဖဆပလ ပါလီမန်ခေတ် အစိုးရအဖွဲ့တွင် ဦးဗဆွေသည် ကာကွယ်ရေးဝန်ကြီးဖြစ်ကာ ဗိုလ်ချုပ်နေဝင်းသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အနေဖြင့် ကာကွယ်ရေးဝန်ကြီး၏ အမိန့်ကို နာခံရသည်။ အစိုးရအဖွဲ့ (ကက်ဘိနက်) နှင့် အစိုးရဝန်ထမ်း ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြားရှိသည်။ သမ္မတ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် အစိုးရအဖွဲ့ဝင်များဖြစ်၍ ကာကွယ်ရေး ဦးစီးချုပ် အပါအဝင် ကျန်သူများမှာ အစိုးရ ဝန်ထမ်းများသာ ဖြစ်သည်။ ဝန်ကြီးလက်အောက်တွင် အတွင်းဝန် (ယခု အမြဲတမ်းအတွင်းဝန်များ) ညွှန်ချုပ်များ ရှိရသည်။ ဒါကို ရည်စူး၍ ဦးဖြိုးမင်းသိန်းက Protocol(အင်္ဂါစဉ်အရ) တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဆိုတာ ညွှန်ချုပ်အဆင့် Level ဟု ပြောခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေအနေမှာမူ ထိုသို့မဟုတ်၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့က ထုတ်ပြန်ခဲ့သော သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၃၂/ ၂၀၁၆) အရ ပြည်ထောင်စုအင်္ဂါစဉ်တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ၏ အင်္ဂါစဉ်သည် အဆင့်သတ်မှတ်ချက်အရ အဆင့် (၈) ဖြစ်သည်။ မူလက အဆင့် (၇) ဖြစ်ကာ နိုင်ငံတော်၏ အတိုင်ပင်ခံရာထူး ရုတ်တရက် ပေါ်လာသဖြင့် နောက်တစ်ဆင့် ဆုတ်ပေးခဲ့ရခြင်း ဖြစ်သည်။ ဒါကြောင့် ဦးဖြိုးမင်းသိန်း ပြောသလို တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အဆင့်သည် (မြန်မာနိုင်ငံ၌) ညွှန်ချုပ်အဆင့်မကပါ။ သို့သော် အနောက်တိုင်း ဒီမိုကရေစီ နိုင်ငံများတွင်မူ ညွှန်ချုပ်အဆင့်သာ ဖြစ်သည်။ ဒါကြောင့် ယခု ငြင်းခုံနေကြ သူများ နှစ်ဖက်စလုံး မမှားကြပါ။ မှားနေတာက ကျွန်တော်တို့ လက်ရှိကျင့် သုံးနေသော ကပြားဒီမိုကရေစီ စနစ်သာ ဖြစ်ပါသည်။

သူရိယအလင်း ဂျာနယ်၊ ၁၉–၇–၂၀၁၇။

❒

mgyoe.com

mgyoe.com

## အစိုးရ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြည်သူ

၂၀၁၃ ခုနှစ်တွင် (PACE) ဟု အတိုကောက် ခေါ်ဝေါ်သော ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့၏ အဓိက ရည်ရွယ်ချက်မှာ အသွင်ကူးပြောင်းရေးကာလ မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ဒီမိုကရေစီရေး မျှော်မှန်းချက်များကို သိရှိကာ ဦးဆောင်သူများ အနေဖြင့် လိုက်အောင် ကိုက်ညီသလို ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ထို အကြောင်းအရာနှင့် ပတ်သက်၍ ကောက်ယူထားသည့် စစ်တမ်းကို ဇန်နဝါရီလ ၂၅ ရက် (၂၀၁၈) က ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၅ ရက်မှ ၁၁ ရက်အထိ အချိန်အတွင်း မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ်ပေါင်း (၂၅၄) မြို့နယ်မှ လူများ (စုစုပေါင်း ၂၈၀၈ ယောက်) ကို တွေ့ဆုံမေးမြန်းကာ သတင်းအချက်အလက် ရယူခဲ့ခြင်း ဖြစ်သည်။

ထိုစစ်တမ်းအရဆိုရင်တော့ အားရစရာ မကောင်းလှ။ (၁) အချင်းချင်း လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ယုံကြည်မှုမှာ သုံးနှစ်အတွင်း အဆိုးရွားဆုံး အခြေအနေ ဖြစ်သည်ဟု ဆိုသည်။ (၂) နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများ၌ ပြည်သူများ ပါဝင်မှုမှာလည်း အလွန်နည်းပါးသည်ဟု ဆိုသည်။ (ဥပမာ–အလုပ်သမား၊ လယ်သမား အရေးကိစ္စများတွင် သက်ဆိုင်ရာ အဖွဲ့အစည်းကသာ လှုပ်ရှားဆောင်ရွက်နေကြတာ တွေ့ရသည်။) ပြည်

mgyoe.com

mgyoe.com


သူလူထုသည် မိမိတို့ဒေသနှင့်ဆိုင်သော ကိစ္စရပ်များ (လှုပ်ရှားမှုများ) ကိုသာ စိတ်ဝင်စားကြသည်။ ဤကဲ့သို့ ဖြစ်နေသည်ကို မိမိအနေဖြင့် သုံးသပ်တင်ပြရလျှင် ၁၉၈၈ ခုနှစ်ကစ၍ စစ်အာဏာရှင်အစိုးရ ပြုတ်ကျခဲ့သော အရေးအခင်း တစ်လျှောက် လှုပ်ရှားခဲ့ရသဖြင့် ပြည်သူလူထုသည် နိုင်ငံရေး ခြေကုန်လက်ပန်းကျနေ၍လည်း ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေပြီဖြစ်သဖြင့် မိမိတို့ ဆက်လက်ပါဝင်စရာ မလိုတော့ဟု တက်ထောင်လိုက်ခြင်း (စိတ်လျှော့လိုက်ခြင်း) လည်း ဖြစ်သည်။ နောက်တစ်ချက် ကျပ်တည်းဆင်းရဲလွန်းသဖြင့် ထမင်းနပ်မှန်အောင်၊ လူတန်းစေ့နေနိုင်အောင် ကြိုးပမ်းနေရသဖြင့် နိုင်ငံရေးဘက် လှည့်မကြည့်နိုင်ခြင်းလည်း ဖြစ်သည်။ မှန်မှန်ကန်ကန် သုံးသပ်ရန် လိုပါသည်။ ပြည်သူလူထု နိုင်ငံရေးနိုးကြားမှု ဓီးရိုးဟု အကဲဖြတ် တာမျိုး မဖြစ်စေချင်။ (၃) အခြေခံဥပဒေ ပြင်ဆင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စများတွင် ဖြေဆိုမှု မရှိသလောက်ပင်ဖြစ်သည်ဟု ဆိုသည့် ဤကိစ္စ (၂) ရပ်စလုံးမှာ သာမန်ပြည်သူများနှင့် နီးစပ်သော၊ နားလည်သဘောပေါက်နိုင်သော ကိစ္စများ မဟုတ်။ တကယ်တော့ ယေဘုယျ ပြည်သူအများစုဆိုသည်မှာ ဦးဆောင်မှုပေးနိုင်သော ခေါင်းဆောင်နောက်လိုက်ပါရန် အသင့်ရှိသည့် နောက်လိုက်ကောင်းများသာ ဖြစ်လေသည်။ ဤကိစ္စများ ကို သူတို့ စိတ်မဝင်စားလှဆိုသဖြင့် စိတ်ပျက်ရန် မရှိပါချေ။ (၄) အစိုးရနှင့် ရွေးကောက်ခံ ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ မေးရာတွင်မူ ဖြေဆိုသူ သုံးပုံတစ်ပုံကမူ ကျေနပ်မှု ရှိသည်ဟု ဆိုကြသည်။

ဤအချက်က အခြားသူများအတွက် မဟုတ်ဘဲ NLD ပါတီ (အစိုးရ) အတွက် ပြဿနာ ဖြစ်သည်။ ထောက်ခံမှုကျဆင်းနေတာ သိသာသည်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီ အချိန်မီ ပြင်ဆင်နိုင်ရန် အရေးကြီးသည်။ NLD ပါတီ ပထမဗဟိုကော်မတီ အဋ္ဌမအကြိမ် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သည့် ဗဟိုကော်မတီဝင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "မိမိတို့ရာထူး၊ ဂုဏ်သိက္ခာ ထင်ပေါ်ကျော်ကြားမှုတို့ကို အလေးမထားဘဲ ပြည်သူလူထု ဝမ်းဝနှင့် ဘဝလှလှတွင် နေနိုင်ရေး အဓိကထားရန်" ပြောကြားသွားသည်။

mgyoe.com

mgyoe.com


ဤပြည်သူတွေ ဝမ်းဝဖို့ပြောသော ပုဂ္ဂိုလ်ပင် သိပ်မကြာခင် ကုန်ဈေးနှုန်း ကျဆင်းအောင် ပြည်သူတွေ ဟင်းတစ်မည်တည်း ချက်စားဖို့ တိုက်တွန်းပြန်သည်။ အဓိကကတော့ ပြည်သူနှင့် ကင်းကွာခြင်း ဖြစ်သည်။ ဖေဖော်ဝါရီလ ၃ ရက်နေ့က Orchid Hotel တွင် DVB သတင်းဌာနက "ဒီမိုကရေစီအတွက် အရပ်ဘက် အဖွဲ့အစည်း (CSO) တွေက အထောက်အကူပြုရဲ့လား" ခေါင်းစဉ်ဖြင့် Debate လုပ်ရာတွင် ဤအချက်ကို ပါဝင်ဆွေးနွေးသူများက ထောက်ပြခဲ့ကြတာ တွေ့ရသည်။ ဤအစိုးရသည် တက်လာစက "ပွင့်လင်းမြင်သာမှု" ကို ဦးစားပေး ပြောဆိုခဲ့သည်။ ဒေါ်စုက သူ့အာဏာရသည်နှင့် မြစ်ဆုံရေကာတာ တည်ဆောက်ရေး စာချုပ်ကို ပြည်သူလူထုကို ဖွင့်ထုတ်ချပြမည်ဟု ဆိုခဲ့သည်။ သို့သော် ယခုအချိန်အထိ သူကိုယ်တိုင်ပင် (ဤစာချုပ်ကို) မြင်ရ ကြည့်ရဦးမည် မထင်ပေ။

ထိုပွဲတွင် ဆွေးနွေးသူများက ဒီမိုကရေစီ ပီပီပြင်ပြင် ဖော်ဆောင်နိုင်သော အနေအထား မဟုတ်သဖြင့် အစိုးရ၏ ဆောင်ရွက်နေရသော အကျပ်အတည်းများကို နားလည်သဘောပေါက်ကြောင်း၊ သို့သော် ထိုသို့သော အခက်အခဲများကို အစိုးရက ပြည်သူကို အသေအချာ ပွင့်လင်းမြင်သာစွာ ချပြဖို့ လိုကြောင်း၊ သို့မှသာ တကယ့်အစိုးရက အကျပ်အတည်းနှင့် ရင်ဆိုင်ရသော အခြေအနေတွင် ပြည်သူလူထုက နည်းမှန်လမ်းမှန် ရပ်တည်ကူညီနိုင်မည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ လက်ရှိ အခြေအနေတွင် ငြိမ်းချမ်းရေးက ဝေလာဝေး၊ ဒီမိုကရေစီက ပီပီပြင်ပြင်မရသေး။ ဆင်းရဲမွဲတေမှု၊ ဘဝ မလုံခြုံမှု၊ အလုပ်လက်မဲ့၊ ကျူးကျော်၊ ရာဇဝတ်မှုထူပြော၊ အထွေထွေ ဒုက္ခအကျပ်အတည်း ဝန်းရံနေသော ပြည်သူတွေက ဘာကြောင့်ဆိုတာ အစိုးရက ချပြတာ သူတို့ သိသင့်ရသလောက် သိချင်သည်။ လှော်ရင်း နစ်နေတယ်ဆိုရင် လှေဝမ်းပေါက်နေလို့ပဲ။ ဘယ်နေရာက ပေါက်သလဲ။ ထိုအပေါက်ကို ဘယ်လိုဖာမလဲ။ ထိုပွဲကို တက်ရောက်ကာ ပါဝင်ဆွေးနွေးသူတစ်ဦးဖြစ်သည့် NLD ပါတီ ဗဟိုပြန်ကြားရေး ကော်မတီဝင် မုံရွာအောင်ရှင်ကတော့ NLD သည် CSO များနှင့် ကျော်ချင်းကပ်လျက် ဖြစ်ကြောင်း၊ NLD အားကိုးသည့် အဖွဲ့အစည်းများ ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးသွားပါသည်။

mgyoe.com

mgyoe.com


တကယ် တိုးတက်ချင်တယ် ဆိုရင်တော့ အစိုးရ (ပါတီလွှတ်တော် အပါအဝင်) သည် ပြည်သူလူထုနှင့်သော် လည်းကောင်း၊ ပြည်သူလူထု၏ ပေါင်းကူးတံတား ဖြစ်သော အရပ်ဘက် အဖွဲ့အစည်းများနှင့်သော် လည်းကောင်း အဆက်မပြတ် ကောင်းမြတ်သော ထိတွေ့မှု ရှိနေဖို့ လိုအပ်လှပေသည်။

သူရိယအလင်း ဂျာနယ်၊ ၁၄-၂-၂၀၁၈။

❐

mgyoe.com

mgyoe.com

## လေ့ပေါက်ကို ဘယ်လိုဖာမည်နည်း (သို့မဟုတ်) အရပ်ဘက် စစ်ဘက် ဆက်ဆံရေး

မတ်လ ၃ ရက်နေ့က Orchid Hotel တွင် DVB က Debate တစ်ခု ပြုလုပ်ရာ ခေါင်းစဉ်က လက်ရှိနိုင်ငံရေး အခြေအနေကို ထင်ဟပ်သည့် "အရပ်ဘက် စစ်ဘက် ဆက်ဆံရေးကို ဘယ်လိုအကောင်းဆုံး တည်ဆောက်မလဲ" ဟူ၍ဖြစ်ရာ စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။ သို့သော် ပွဲပြီးသွားသော်လည်း အကောင်းဆုံးဖြစ်အောင် ဘယ်လို တည်ဆောက်ကြမလဲ ဟူသော ပန်းတိုင် (သို့မဟုတ်) အဖြေဆီသို့ ရောက်ရှိမသွားပါ။ တကယ်တော့ လာရောက် ဆွေးနွေးကြသူတွေကလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အာဏာပိုင် (သို့မဟုတ်) တာဝန်ခံများ မဟုတ်သလို၊ အဆုံးအဖြတ် ပေးနိုင်သူများလည်း မဟုတ်ကြပါ။ သို့သော် ပြဿနာတစ်ရပ်၏ အဖြေကို ရှာဖွေရန် ကြိုးစားကြသူတွေဖြစ်သဖြင့် လမ်းစဖော်ပေးသူများအနေဖြင့် ပါဝင်သူများကို ကျေးဇူးတင်ထိုက်ပါသည်။

ထုံးစံအတိုင်းပင်၊ တပ်မတော်ဘက်က ယခင် အတိုက်အခံ နိုင်ငံရေးသမားများ အမြင်ဖြစ်သည့် "တပ်မတော် စစ်အာဏာရှင်" ဟူသော အသုံးအနှုန်းကိုပင် အဓိက အကာအကွယ်ပြုသွားသည်ကို တွေ့ရပါသည်။ (တကယ်တော့ ဤအမြင်မှာ စစ်မှန်သော ပြည်သူပြည်သားများနှင့် နိုင်ငံတကာ

mgyoe.com

mgyde.com


အသိုက်အဝန်းကပါ တစ်သဘောတည်း မြင်တွေ့သတ်မှတ်ထားသော အမြင် ဖြစ်ပါသည်။ တစ်ဖက် အာဏာရှင်နှင့် သူတို့၏ အကျိုးတူ စီးပွား ဘက် အသိုင်းအဝန်းမှ လွဲ၍ပေါ့။) ပါဝင်ဆွေးနွေးသူတစ်ဦးဖြစ်သည့် အငြိမ်းစား ဒုတိယဗိုလ်ချုပ်မှူးကြီးဖြစ်သူ ဦးမြင့်စိုးက "စစ်ဘက်လို့ ပြော လိုက်တာနဲ့ စစ်အာဏာရှင်ဆိုတဲ့ အပိုင်းတွေ ပါလာတယ်။ တကယ်တော့ ပြည်သူလူထုက ခွဲခြားပြီးမြင်ဖို့ လိုတာက အာဏာရှင်နဲ့ တပ်မတော်ကို ခွဲခြားမြင်ဖို့ လိုတယ်။ အဲဒါမှလည်း စစ်ဘက်၊ အရပ်ဘက် ဆက်ဆံရေး ဆိုတာ ရှေ့ဆက်သွားလို့ ရမယ်" ဟု ဆိုပါသည်။ ပြည်သူလူထုက ထိုသို့ မြင်ချင်လွန်းသဖြင့် မြင်နေကြခြင်း မဟုတ်ပါ။ သမိုင်းတစ်လျှောက် သူတို့ တွေ့ကြုံခံစားခဲ့ရတာကို အခြေပြု၍ "မြင်" နေကြခြင်း ဖြစ်ပါသည်။ တပ်မတော် ထူထောင်စဉ်က မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက်သာဖြစ်ကာ BIA ဟု အမည်ပေးခဲ့သည်။ ဂျပန်လက်ထက်တွင် ဗမာ့ကာကွယ်ရေး တပ်မ တော် BDA ဟု အမည်ပေးခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် မြန်မာ့လွတ်လပ်ရေးကို အရယူပေးခဲ့သော တပ်မတော်ကို ပြည်သူလူထုက အင်မတန် တန်ဖိုးထား ချစ်မြတ်နိုးကြသည်။ ပြည်ပရန် တရုတ်ဖြူ ကျူး ကျော်မှုကို တွန်းလှန်တိုက်ထုတ်ပစ်ခဲ့သည်အထိ တပ်မတော်သည် ပြည်သူ လူထု၏ ပုံရိပ်တွင် သူရဲကောင်းများ ဖြစ်ကြသည်။ သို့သော်...

၁၉၆၂ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော အစိုးရ အာဏာ သိမ်းယူကာ ဖြုတ်ချလိုက်ကတည်းက ပြည်သူလူထု၏ တပ်မတော် အပေါ် သဘောထားက စတင်ပြောင်းလဲ၍ သွားသည်။ တပ်မတော် အစိုးရ သည် တော်လှန်ရေးကောင်စီ ဟူသော အမည်ဖြင့် ဥပဒေကို ပါးစပ်ဖြင့် ထုတ်ကာ (အဓိကကတော့ ခေါင်းဆောင် ဗိုလ်နေဝင်း) ထင်သလို အုပ်ချုပ်ခဲ့ သည်။ ၁၉၇၄ အခြေခံဥပဒေကို သူတို့ စိတ်တိုင်းကျ ရေးဆွဲပြီးသောအခါ 'အရပ်သားအစိုးရ' ပေါ်ထွန်းလာသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက သမ္မတကြီး ဦးနေဝင်းကို အာဏာလွှဲပြောင်းပေးလိုက်ခြင်းဖြစ်ကာ အခြေအနေကတော့ မထူးခြား။ ပြောရလျှင် ပိုလို့ပင် ဆိုးရွားသွားသည်။ စီးပွားရေး တံခါးပိတ်ဝါဒ ကျင့်သုံးသည်။ တစ်ပါတီ အာဏာရှင်စနစ် ထူထောင်သည်။ လွတ်လပ်စွာ ပြောဆိုခွင့် အပါအဝင် လူ့အခွင့်အရေးတွေ ဆုံးရှုံးသည်။ တိုင်းပြည် ဒေဝါလီ

mgyde.com

mgyoe.com


ခံရသည်။ မခံမရပ်နိုင်သည့်အဆုံး လူထုအုံကြွမှု (၁၉၈၈) အရေးတော်ပုံ ပေါ်ထွန်းလာသည်။ သို့သော် အတိုက်အခံ နိုင်ငံရေးသမားတွေ၏ မပါးနပ်မှုကြောင့် ဒုတိယအကြိမ် စစ်တပ်အာဏာသိမ်းတာနှင့် ကြုံလိုက်ရသည်။ ဗိုလ်နေဝင်း အာဏာသိမ်းစိုးစံခဲ့တာ ၂၆ နှစ် (လက်ထက်တော်ကြီးကာလ) ဗိုလ်စောမောင်နှင့် ဗိုလ်သန်းရွှေတို့၏ လက်ထက်တော် လေးကာလက (ဦးသိန်းစိန် အရပ်သား အမည်ခံ အစိုးရသက်တမ်းပါ ထည့်ပေါင်းပါက) ၂၇ နှစ်။

၂၀၁၅ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အရပ်သားအစိုးရ ပေါ်ထွန်းလာသည်။ သို့သော် စစ်တပ် အာဏာပိုင်များက ၁၂ နှစ်ကြာအောင် အချိန်ယူကာ သူတို့ အခွင့်အရေး ကာကွယ်ရေးအတွက် ထောင့်စေ့အောင် ရေးဆွဲထားသည့် ၂၀၀၈ အခြေခံဥပဒေကြောင့် ဒေါ်စုအစိုးရမှာ ထင်တိုင်း မပေါက်ခဲ့ရတာ အားလုံးအမြင်ပင်။ ဒါကြောင့်ပင် အမျိုးသား ရင်ကြားစေ့ရေး၊ အမျိုးသား ပြန်လည်သင့်မြတ်ရေးဟု ကြွေးကြော်ကာ NLD အစိုးရသည် တပ်မတော်နှင့် စေ့စပ်ရေးကို သူတို့အစိုးရ သက်တမ်းတစ်လျှောက် အဓိကထားကာ ဆောင်ရွက်ခဲ့ကြသည်။ သို့တိုင် "ထင်သာထင် မဝင်ဘူး ကျောင်းအမ" ဆိုသော စကားကဲ့သို့ ထင်တိုင်းမပေါက်ရုံမက ပြည်တွင်း ပြည်ပကပါ တပ်မတော် ကြိုးဆွဲရာကရသည့် အစိုးရအဖြစ် စွပ်စွဲခံဘဝ ရောက်သထက် ရောက်ခဲ့ရသည်။ ဒါကြောင့် အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေး (အနာဂတ်) ကို ယခုကဲ့သို့ မေးခွန်းထုတ်စရာ ဖန်တီးလာခြင်း ဖြစ်သည်။ ထိုဆက်ဆံရေးကို အကောင်းဘက် ရောက်အောင် မရွေ့နိုင်လျှင် လော်ရင်းနစ်ရတော့မည့်ပုံ ဖြစ်၍နေပါတော့သည်။

သူရိယအလင်း ဂျာနယ်၊ ၁၄-၃-၂၀၁၈။

❒

mgyoe.com

mgyoe.com

# သည်မိုးသည်လေ သည်လူတွေနှင့်

သည်မိုးသည်လေသည် ဒီမိုးဒီလေ ဖြစ်သည်။ ဒီမိုကရေစီ မိုးတွေရွာနေသည်။ ဒီမိုကရေစီ လေတွေ တိုက်နေသည်။ ဒီမိုကရေစီ လှေကြီးမှာ မိုးသည်းထန်ရေပြင်တွင် အသည်းအသန် လှော်ခတ်နေရသဖြင့် ပန်းတိုင်ရောက်ရန် ကြန့်ကြာနေသည်။ (၂) နှစ်တာ ခရီးအတွင်း ထိရောက်အောင်မြင်သော ပြောင်းလဲမှုမျိုး မတွေ့ရ။ သမ္မတသစ် (ဦးဝင်းမြင့်) တက်လာတော့ လူတွေရဲ့ မျှော်လင့်ချက် အိပ်မက်တွေက ပြန်လည် အသက်ဝင်၍လာသည်။ ဦးဝင်းမြင့်သည် ဖွဲ့စည်းပုံအရ နိုင်ငံတော်၏ အထွတ်အထိပ် ဖြစ်သည်။ ပါတီဗဟို ကော်မတီ၏ ဒုတိယဥက္ကဋ္ဌလည်း ဖြစ်သည်။ အာဆီယံ ထိပ်သီးအစည်းဝေး (ယခင်က ဒေါ်အောင်ဆန်းစုကြည် တက်ရောက်နေကျ ဖြစ်သည်) ကို တက်သည်။ ထိုအခွင့်အရေးတွေမှာ ရှေ့က သမ္မတဟောင်း ဦးထင်ကျော် မရခဲ့သော အခွင့်အရေးတွေ ဖြစ်သည်။ ဒါက NLD ၏ အိမ်ရှေ့စံသည် ဦးဝင်းမြင့်ဖြစ်သည်ဟု ဒေါ်စုက လူသိရှင်ကြား လျာထားလိုက်ခြင်း ဖြစ်သည်။ သို့သော် NLD မှ အရေးပါသူ တချို့က ဒေါ်စုလွန် NLD ပါတီသည် စုပေါင်း ဦးဆောင်မှုဖြင့် သွားမည်ဟု ကြိုတင်ပြောကြားလိုက်သည်။ ထားတော့။ ဒေါ်စု စိမ်ခန့်ခွဲမှု အားပျော့လျှင် ဒေါ်စုလွန်သည်နှင့် ပါတီတွင်း အာဏာလုပွဲများ ဖြစ်ပေါ်လာနိုင်သည့် အလားအလာ ဖြစ်သည်။

mgyoe.com

mgyoe.com

ဦးဝင်းမြင့်ကရော ဘယ်လောက် စွမ်းဆောင်နိုင်ပါမည်နည်း။ ဧပြီလ ၁၁ ရက်နေ့က အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် သမ္မတ တွေ့ဆုံကာ ဆောင်ရွက်ရမည့် တာဝန်များကို မျက်နှာကြီးငယ်မလိုက် ပြတ် ပြတ်သားသား ဆောင်ရွက်ရန် လိုကြောင်း ပြောခဲ့သည်။ ငါးကြီးကြီး ဖမ်း တော့မည့် သဘော ဖြစ်သည်။ ပြောပြီး မကြာမီမှာပင် FDA (အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန) ညွှန်ချုပ် ဒေါက်တာ သန်းထွဋ် ကို အဂတိလိုက်စားမှုဖြင့် အရေးယူလိုက်သည်။ သို့သော် ထပ်မံအရေးယူ တာတွေ မတွေ့ရသေး။ သမ္မတက ဧပြီလ ၁၇ ရက်တွင် ပြောကြားသည့် နှစ်သစ်ကူး မိန့်ခွန်း၌–

"ပြုပြင်ပြောင်းလဲမှုနှင့် အံမဝင်ခွင်မကျတဲ့ နေရာတွေမှာ သွက်လက် ထက်မြက်ပြီး အရည်အသွေးရှိတဲ့ လူစားလဲမှုတွေ လုပ်သင့်ရင်လည်း လုပ် ဆောင်ရမှာ ဖြစ်တယ်"ဟု ပြောကြားခဲ့သည်။ အစိုးရ (ပြည်နယ်နှင့်တိုင်း သာမက ပြည်ထောင်စုဝန်ကြီး တချို့ပါ) အဖွဲ့အစည်းအတွင်း အပြောင်း အလဲ တချို့ကို ဤစကားမပြောခင်ကတည်းက ပြုလုပ်ခဲ့ကြသည်။ ဧပြီလ ၂၄ ရက်နေ့က မြန်မာတိုင်း(မ်) နေ့စဉ်သတင်းစာတွင် အဖွဲ့ချုပ် ပြောရေး ဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်နှင့် တွေ့ဆုံဆွေးနွေးခန်း ပါလာသည်။ တိုင်ကြားစာ ကော်မတီနှင့် ပတ်သက်၍ မေးမြန်းသောအခါ ဖြေကြားမှုအရ– (၁) တိုင်ကြားစာ ကော်မတီသည် NLD အဖွဲ့ချုပ်အောက်က ရွေးကောက်ပွဲ ဝင်ခဲ့သော လွှတ်တော် ကိုယ်စားလှယ်တွေကိုလည်း စစ်ဆေးမေးမြန်းခွင့် ရှိသည်။ (ပြင်ပမှ ခန့်ထားသော ဝန်ကြီးများကို တိုင်ကြားစာ လက်ခံရရှိ သော်လည်း စစ်ဆေးခွင့် မရှိ။) (၂) ဗဟို အလုပ်အမှုဆောင်တွေကိုလည်း စစ်ဆေးခွင့် မရှိ။) (တိုက်ရိုက်စစ်ဆေးခွင့် မရှိ)(၃) တာဝန်ကြီးကြီး ယူထား သော လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်ကဲ့သို့သော ပုဂ္ဂိုလ်များကိုလည်း (ဗဟို အလုပ်အမှုဆောင် အဖွဲ့၏ အသိပေးခွင့်ပြုချက် မရဘဲ) စစ်ဆေးခွင့် မရှိ။

ဤအတိုင်းဆို လုပ်ရကိုင်ရ အခက်အခဲရှိနေသည်မှာ အမှန်ပင် ဖြစ် သည်။ အရေးယူ အပြစ်ပေးတာနှင့် ပတ်သက်၍ "အလွန်အကျူး မဖြစ်ခင် မှာ စောင့်ကြည့်တာ၊ ဝိုင်းထိန်းတာ လုပ်ပါတယ်။ လွန်ကဲလာရင် အထောက် အထားလည်း ခိုင်လုံတယ်ဆိုရင် ကျွန်တော်တို့ အချိန်မရွေး ပြောင်းလဲပစ်

mgyoe.com

mgyoe.com


မှာပါ" ဟု ဆိုသည်။ အလွန်အကျူးဆိုတာ ဘယ်လို/ဘယ်လောက် (How and Why) အခြေအနေမျိုးကို ဆိုလိုသလဲ။ သတ်မှတ်ချက် ရှိပါသလား။ သို့မဟုတ် သင့်လျော်သလို ဆုံးဖြတ်တာလား။ အစိုးရအဖွဲ့ အပါအဝင် ထိပ်တန်း တာဝန်ရှိသူတွေ၏ အမှားအယွင်းမှာ သာမန်အမှားအယွင်း မဟုတ်။ တိုင်းပြည်နှင့်ချီ၊ လူမျိုးနှင့်ချီကာ ထိခိုက်ခံစားရသည့် အမှားမျိုး ဖြစ်သည်။ ဦးမျိုးညွန့်က (စောင့်ကြည့်နေတာပါ၊ သာမန်ဆိုရင်တော့ ကျွန်တော်တို့ ဝိုင်းထိန်း ပေးလိုက်ပါတယ်ဟု ပြောခဲ့သည်။)

ဦးဝင်းမြင့်က သူ့နှစ်သစ်ကူးမိန့်ခွန်းတွင်–"ပြုပြင်ပြောင်းလဲမှုနှင့် အံမဝင်ခွင်မကျတဲ့ နေရာတွေမှာ သွက်လက်ထက်မြက်ပြီး အရည်အသွေး ရှိတဲ့ လူစားလဲမှုတွေ လုပ်သင့်ရင် လုပ်ဆောင်ရမှာ ဖြစ်တယ်" ဟု ပြောခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ လူရွေးချယ်မှုစံနှင့်တော့ လွဲ၍နေသည်။ ဒေါ်စုက ရွေးကောက်ပွဲဝင်ဖို့ လူရွေးရာတွင် "လူတော် လူကောင်း မလိုဘူး။ သင်ကြားရလွယ်တဲ့ လူပဲ လိုချင်တယ်" ဟု ပြောခဲ့သည်။ ဒီမူနှင့် ရွေးခဲ့သည့် ဒီလွှတ်တော် ကိုယ်စားလှယ်တွေကို အခြေခံကာ အစိုးရအဖွဲ့ ဖွဲ့သည်။ သူဆိုချင်တဲ့ သင်ကြားရလွယ်တဲ့သူဆိုတာ 'အမိန့်နာခံတတ်တဲ့သူ' ကို ရည်ရွယ်လိုရင်း ဖြစ်သည်။ ဦးနေဝင်းကလည်း လူတော်မလို လူကောင်းသာ လိုသည် ဆိုပြီး လူတော်လူကောင်း ဆိုသော စကားကို လူကောင်းလူတော် ဟူသော စကားဖြင့် အစားထိုးခဲ့ဖူးသည်။ မတော်တဲ့ အစိုးရက မလျော်တာတွေ လုပ်သဖြင့် တိုင်းပြည် ဒေဝါလီခံခဲ့ရသည်။ အခုတော့ ဦးဝင်းမြင့်က "သွက်လက် ထက်မြက်ပြီး အရည်အသွေးရှိတဲ့ လူစားလဲမှုတွေ လုပ်သင့်လျှင် လုပ်ဆောင်မည်" ဟု ဆိုပြန်သည်။ နိုင်ငံနှင့် ပြည်သူတွေမှာ စမ်းသပ်ခံ ဓာတ်ခွဲခန်းထဲမှ ဖားသူငယ်၊ ယုန်သူငယ်ကလေးများ မဟုတ်ပါ။ ဒီမိုးဒီလေ ဒီလူတွေနှင့်တော့ သိပ်အလုပ်မဖြစ်သေးကြောင်း သက်ဆိုင်သူများ သိသင့်သလောက် သိပြီဟု ယူဆရပါတော့သည်။

သူရိယအလင်း ဂျာနယ်၊ ၉–၅–၂၀၁၈။

❒

mgyoe.com

mgyoe.com

## စစ်မှန်သော အမျိုးသား ရင်ကြားစေ့ရေး

ပြီးခဲ့သည့် အပတ်က ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၏ နှုတ်ကျွံမှုကြောင့် ဖြစ်ပေါ်လာသော ပြဿနာသည် အကျယ်အကျယ် မငြိမ်းဖွယ် ကြီးထွားလာလေမလားဟု စိုးရိမ်စိတ်နှင့် စောင့်ကြည့်ပူပန်ခဲ့ကြသည်။ သို့သော် နောက်ဆုံးတော့လည်း တချို့ ထင်မြင် နိမိတ်ဖတ်ခဲ့ကြသလိုပင်...

(၁) ပါတီက ကာယကံရှင် ဝန်ကြီးချုပ်အား ခေါ်ယူကာ သတိပေးဆုံးမခြင်း

(၂) ဝန်ကြီးချုပ်က ကာကွယ်ရေး ဝန်ကြီးဌာနသို့ တောင်းပန်စာ (အမြန်ချောပို့ စနစ်ဖြင့်) ပေးပို့ခြင်းဖြင့် ပြဿနာ ကြီးထွားသည်ဟု ယူဆရသည်။ ယူဆရသည်ဟု ပြောရခြင်းမှာ ယနေ့အချိန်ထိ တပ်မတော်ဘက်မှ လက်ခံ ကျေအေးပါကြောင်း သတင်းထုတ်ပြန်သည်ကို မကြားမသိရသေးသောကြောင့် ဖြစ်သည်။ နဂိုက တပ်မတော်၏ ရည်ရွယ်ချက်မှာ (ရှင်းလင်းသည်) တပ်မတော်နှင့် အပြုသဘော ရေရှည်ဆက်ဆံရန် မဖြစ်နိုင်သဖြင့်ဟု ဆိုထားသဖြင့် ဖယ်ရှားပေးရန်အထိ သွယ်ဝိုက် တောင်းဆိုကြောင်း ပါနိုင်သည်။

mgyoe.com

mgyoe.com


ဤပြဿနာ၏ ထွက်ပေါ်လာသော အဖြေကို ပြည်သူအများစုက မနှစ်မြို့ကြ။ ဘာလုပ်လုပ် ထောက်ခံနေသော လော်ဘီများကတော့ ကြံဖန် ချီးကျူးနေကြသော်လည်း တောင်းပန်သည်ဆိုခြင်းမှာ မှားမှ သို့မဟုတ် မှားတဲ့သူကသာ တောင်းပန်ရခြင်း ဖြစ်သည်။ ယခု ဝန်ကြီးချုပ်က တောင်းပန်ခြင်းမှာ "သူ (ပြောခဲ့သော) စကားများသည် မမှန်ပါ။ အမှားတွေပါ" ဟု ဝန်ခံလိုက်ခြင်းသာ ဖြစ်သည်။ သူ ပထမ ပြောစဉ်က လက်ခုပ်လက်ဝါး တီးကာ ထောက်ခံခဲ့သူများမှာ (လော်ဘီ တချို့မှလွဲ၍) အတော်ပင် ကသိကအောက် ဖြစ်ကုန်သည်။ နောင် ဝန်ကြီးချုပ်ကလည်း ဤသင်ခန်းစာအရ အပြောအဆို ဆင်ခြင်မှာ သေချာပါသည်။ ပြည်သူတွေကလည်း ဝန်ကြီးချုပ် ပြောတာ အမှန်တွေပါဟု ယုံကြည်ရန် ခက်ခဲသွားပေတော့မည်။ (သူပြော ခဲ့တဲ့ စကားကို သူ တာဝန်မယူနိုင်ကြောင်း ဤအဖြစ်က သက်သေခံနေ သည်။)

အစိုးရအဖွဲ့တွင် အရာရောက်သော နေရာတစ်နေရာ ယူထားသည့် ပါတီတွင်လည်း ဗဟိုကော်မတီဝင် အဆင့်ရှိသူအပေါ် အယုံအကြည် ကင်းမဲ့ သည်ဆိုလျှင် ပါတီမှာ များစွာ ထိခိုက်နစ်နာသည်။ သို့သော် ထိုထိခိုက် နစ်နာမှုထက် ရေရှည်အကျိုးစီးပွားကို ကြည့်ကာ ပါတီနှင့် အစိုးရအဖွဲ့ ထိပ်တန်း ခေါင်းဆောင်များက ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ဟန် တူပါသည်။ ယခုအခြေအနေ၌ အမှိုက်ကစ ပြဿနာ မီးမလောင်နိုင်သော အခြေအနေ ဖြစ်၏။ မြန်မာနိုင်ငံ၏ တစ်ခုတည်းသော နိုင်ငံရေး ထွက်ပေါက်ဟု "အမျိုး သား ပြန်လည်သင့်မြတ်ရေး မူဝါဒ" ကို အသေဆုပ်ကိုင်ထားသော အချိန် အခါ ဖြစ်၏။

အမျိုးသား ပြန်လည်သင့်မြတ်ရေးမှာ နိုင်ငံရေး မတည်ငြိမ်သော ဒီမိုကရေစနစ် ထူထောင်စနိုင်ငံများတွင် အရေးကြီးသော အခြင်းအရာ ဖြစ်ကြောင်း ငြင်းပယ်စရာ မရှိပါ။ သို့သော် ထိုအမျိုးသား ပြန်လည် သင့် မြတ်ရေး (ရင်ကြားစေ့ရေး) သည် မျှတသော၊ ဘယ်သူကမှ အပေါ်စီးမယူ သော၊ သူမသာ ကိုယ်မသာဖြစ်သော၊ တန်းတူရည်တူရှိသော အပြန်အလှန် ညီမျှသော အမျိုးသား ပြန်လည်သင့်မြတ်ရေး ဖြစ်ရပါမည်။ တစ်ဖက်စောင်း နင်းဖြစ်သော အကြပ်ကိုင် ဖိအားပေးမှုမှန်သမျှ လိုက်လျောနေရသော အမျိုး သားပြန်လည်သင့်မြတ်ရေး မဖြစ်ဖို့ လိုပါသည်။

mgyoe.com

mgyoe.com


ကျွန်တော်တို့ ငယ်စဉ်က ချောင်းဆိုး ဖျားနာ ဘာရောဂါဖြစ်ဖြစ် ဗိန္ဓောဆရာ အသုံးပြုသော ကွမ်းရွက်ပြုတ်ရည်ကဲ့သို့၊ နိုင်ငံရေး ပြဿနာ မှန်သမျှ ၉၆ ပါး ရောဂါပျောက်စေနိုင်သော ပြဿနာများကဲ့သို့၊ အမျိုးသား ပြန်လည်သင့်မြတ်ရေး ကွမ်းရွက်ပြုတ်ရည်ကို သုံးနေလျှင်တော့ နည်းလမ်း မကျပါဟု ငြင်းဆိုချင်ပါသည်။ နောက်တစ်ချက်က လက်ရှိအစိုးရနှင့် အာဏာရပါတီ အဓိကထား၍ ပြန်လည်သင့်မြတ်ရန် အားထုတ်နေသည်မှာ တပ်မတော်နှင့် သူတို့ (အစိုးရ+ပါတီ) အကြား ဖြစ်နေခြင်း ဖြစ်သည်။ တကယ်တော့ အမျိုးသား ရင်ကြားစေ့ရေး (စစ်မှန်သော) ဆိုသည်မှာ တပ်မတော်နှင့် အာဏာရအစိုးရ (ပါတီ) တို့ အကြားမှာသာမက နိုင်ငံအတွင်းရှိ အဖိနှိပ်ခံ လယ်သမား၊ အလုပ်သမားများ၊ ကျောင်းသားနှင့် ရဟန်း၊ သံဃာများ၊ ပြည်ထောင်စု ဖွားတိုင်းရင်းသားများ၏ အစိုးရ+ပါတီတို့အကြားတွင် ပါရှိသင့်သော အရာ ဖြစ်ပါသည်။

ဒါကြောင့် စစ်မှန်သော အမျိုးသား ရင်ကြားစေ့ရေး လမ်းကြောင်းမှန် ပေါ်ရောက်အောင် ကျွန်တော်တို့ ကြိုးစားကြရပါမည်။

သူရိယအလင်း ဂျာနယ်၊ ၂၆-၉-၂၀၁၇။

❐

mgyoe.com

mgyoe.com

# သုံးနားညီ ဒီမိုကရေစီ

အမျိုးသား ပြန်လည်ညီညွတ်ရေး သို့မဟုတ် သင့်မြတ်ရေး (သို့မဟုတ်) အမျိုးသား ရင်ကြားစေ့ရေး ဆိုသော စကားသည် ယနေ့ မြန်မာ့နိုင်ငံရေးလောက၏ လမ်းညွှန်ဆောင်ပုဒ်သဖွယ် ဖြစ်၍နေသည်။ ညီညွတ်ရေး မရှိဘဲ နိုင်ငံတစ်နိုင်ငံကို ထူထောင်ရန် မဖြစ်နိုင်ချေ။

လွတ်လပ်ရေးရစက ဖဆပလခေါ် ဖက်ဆစ်ဆန့်ကျင်ရေး ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ကြီးသည် ဒီမိုကရက်တစ် တပ်ပေါင်းစု အဖွဲ့ကြီးသဖွယ် ဖြစ်သည်။ ထိုအဖွဲ့ထဲတွင် ပြည်သူ့အရေးတော်ပုံပါတီ (နောင်ဆိုရှယ်လစ်ပါတီ) ပြည်သူ့ရဲဘော်၊ ကွန်မြူနစ်ပါတီ၊ ဆိုရှယ်နီ (ပမညတ) စသည့်အဖွဲ့များ စုစည်းထားသော အဖွဲ့ကြီး ဖြစ်သည်။ လွတ်လပ်ရေးမရမီမှာပင် (အများစုမှာ လက်ဝဲယိမ်းပါတီများ ဖြစ်သော်လည်း) သဘောထားကွဲလွဲကြသဖြင့် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်ပင် လက်ဝဲညီညွတ်ရေးကို ကြိုးပမ်းတည်ဆောက်ရသည်။ သို့သော် လမ်းခုလတ်မှာပင် ဗိုလ်ချုပ် ကွယ်လွန်သည်။ လက်ဝဲညီညွတ်ရေး ပျက်ပြားကာ ကွန်မြူနစ်ပါတီ တောခိုသည်။ ပြည်တွင်းစစ် ဖြစ်သည်။

လွတ်လပ်ရေးသက်တမ်း (၁၀) နှစ်ရှိသောအခါ အာဏာရပါတီ ဖဆပလသည် နုတင်နှင့် ဆွေငြိမ်း သို့မဟုတ် သန့်ရှင်းတည်မြဲ ဟူသော

mgyoe.com

 mgyoe.com



၂ ခြမ်း ကွဲသည်။ ၁၉၆၁ အာဏာရပြီးခါမှ ပထမအမည်ပြောင်း (သန့်ရှင်း ဖဆပလ အဖွဲ့သည်) ဦး၊ ဗိုလ်၊ သခင် ဟူ၍ ထပ်မံကွဲပြန်သည်။ ဒီလိုနှင့် စစ်တပ်က အာဏာသိမ်းခြင်းဖြင့် ဒီမိုကရေစီ နိဂုံးချုပ်ခဲ့သည်။

အခုအခါ အာဏာရ အစိုးရသည် အမျိုးသား ပြန်လည်သင့်မြတ်ရေး ကို ဦးစားပေး ဆောင်ရွက်နေစဉ်မှာပင် ပါတီတွင်း ညီညွတ်ရေး ပြန်လည် တည်ဆောက်ရမည့် အခြေအနေ အလားအလာတွေ ပေါ်ထွန်းလာသည်။ ပါတီ၊ အာဏာရအစိုးရနှင့် လွှတ်တော်အကြား ပွတ်တိုက်မှုတွေ ဖြစ်ထွန်းလာ သည်။ ဒါက ကောင်းမြတ်သော အမှတ်လက္ခဏာ မဟုတ်။ ဖေဖော်ဝါရီ ၃ ရက်နေ့ (MCC) ခန်းမ၌ ကျင်းပသည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အဌမအကြိမ် တိုင်း၊ ခရိုင်၊ မြို့နယ် စုံညီတွေ့ဆုံပွဲတွင် တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဒွေးက "ငါတို့ အနစ်နာ ခံခဲ့လို့၊ ငါတို့ ဘယ်လောက် ရင်းနှီးပေးဆပ်ခဲ့လို့၊ ငါတို့ တာဝန်ယူတဲ့ အချိန်၊ အာဏာရတဲ့အချိန် ငါတို့ပြန်လည် ခံစားမယ်လို့ စိတ်ကူးရှိတဲ့ လူတွေ များရင် ကျွန်တော်တို့ တိုင်းပြည်ဟာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး လက်ရှိ ရရှိထားတာတွေ ပြန်လည် ဆုံးရှုံးသွားနိုင်တယ်" ဟု သတိပေးစကား ပြောခဲ့ရသည်။ လွှတ်တော်နှင့် အစိုးရအဖွဲ့ဝင်များမှာ လုပ်ခလစာ ရကြသော် လည်း ပါတီ၌ တာဝန်ယူနေရသူများမှာမူ လစာ တစ်ပြားတစ်ချပ်မှ မရကြ ချေ။ ဒေါ်အောင်ဆန်းစုကြည်က "သစ်ခုတ်သမားတို့ ရာသီ ကုန်ဆုံးသွားပြီ။ ပန်းပုသမားတွေခေတ် ရောက်ပြီ" ဟု ပြောခဲ့သည်။ တော်လှန်ရေးကာလက အသုံးဝင်ခဲ့သူများမှာ တည်ဆောက်ရေး ကာလနှင့် အံဝင်ခွင်ကျ မဖြစ်ဟု ဆိုသည်။ သို့သော် ပန်းပုသမားတွေကလည်း မကျွမ်းကျင်သဖြင့် ထွက်ပေါ် လာသည့် ပန်းပုရုပ်တွေက ပုံပျက်ပန်းပျက်ဖြစ်၍နေသည်။ ဒီတော့ လွှတ် တော်၊ အစိုးရနှင့် ပါတီအပြန်အလှန် ထိန်းကျောင်းရမည့် အခြေ ရောက်ရှိလာ သည်။

လွှတ်တော်နှင့် ပါတီသည် အစိုးရကို အထောက်အကူ ပေးရမည်။ ထိန်းကျောင်းရမည်။ သုံးနားညီ သုံးပွင့်ဆိုင် သဟဇာတဖြစ်ဖို့ လိုသည်။ ထိုပွဲကို တက်ရောက်လာသည့် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်း ရေးမှူး အဖွဲ့ဝင် ဦးညဏ်ဝင်းကလည်း–

mgyoe.com

"ကျွန်တော်တို့ အဖွဲ့အစည်းဟာ အုပ်စုတစ်စုအတွက် ပြောတာ၊ ဆိုတာ၊ လုပ်တာမျိုး မဖြစ်စေဖို့ အရေးကြီးတယ်။ ပွင့်ပွင့်လင်းလင်း ထိတွေ့ဆက်ဆံမှုက အဓိကကျကြောင်း၊ ပါတီနှင့် အစိုးရ ဆက်ဆံရေးနှင့် ပတ်သက်၍ လမ်းညွှန်ခဲ့သည်"

အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး အဖွဲ့ဝင် ဦးဟံသာမြင့်ကလည်း ကျွန်တော်တို့ တကယ် ရည်ရွယ်ချက်က အကြွင်းမဲ့အာဏာကို ဖျက်သိမ်းဖို့ ဝေဖန်တာ ကောင်းပါတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ဖို့လည်း အရေးကြီးတယ်ဟု ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးကို ဖောင်းပေး ဖော်ပြခဲ့သည်။ ရန်ကုန်တိုင်း လွှတ်တော် စီမံကိန်းနှင့် ဘဏ္ဍာရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်ဇေယျာက လှည်းကူးရှိ ဧက ၁၄၀၀ ကျော်တွင် တည်ဆောက်မည့် Eco Green မြို့ပြစီမံကိန်း၊ မှော်ဘီ ညောင်နှစ်ပင်တွင် တည်ဆောက်မည့် မြို့ပြစီမံကိန်း အပါအဝင် စီမံကိန်း တချို့ကို ရန်ကုန်တိုင်းအစိုးရ အဖွဲ့က လွှတ်တော်သို့ တင်ပြခြင်း မရှိဘဲ လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။ Eco Green City စီမံကိန်းမှာ ပြည်ထောင်စုအဆင့်ဖြစ်သဖြင့် တိုင်းဒေသ လွှတ်တော်သို့ တင်ပြရန် မလိုဟုလည်း ဆိုကြသည်။ ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရှေ့တွင် ကျင်းပမည့် ရန်ကုန်တိုင်းဒေသကြီး ကိုးကြိမ်မြောက် စုံညီအစည်းအဝေးတွင် ကျန်ရှိနေသည့် ၃ နှစ်သက်တမ်းအတွင်း ဆောင်ရွက်မည့် စီမံကိန်းများကို ရှင်းလင်းတင်ပြသွားမည်ဟု ပြောကြားခဲ့သည်။ ဝန်ကြီးချုပ်က "ကျွန်တော် အသိပေးလိုတာကတော့ အဖွဲ့ချုပ်က အစိုးရရော၊ ပါတီရော၊ လွှတ်တော်ရော ကြားမှာပါ ညီညီညွတ်ညွတ်နဲ့ အားလုံး ဆွေးနွေးတိုင်ပင် ဆောင်ရွက်ရမယ့် အချိန် ဖြစ်တယ်လို့ ပြောပါရစေဟု ဆိုသည်။

ပြဿနာမှာ အစိုးရအဖွဲ့က လွှတ်တော်သည် သူတို့ အုပ်ချုပ်ရေး ကဏ္ဍကို ဝင်ရောက် စွက်ဖက်လွန်းသည်။ သြဇာအာဏာ ပြလွန်းသည်ဟု အထင်ရောက်နေခြင်း ဖြစ်သည်။ အစိုးရအဖွဲ့က ဂရုမစိုက်သောအခါ လွှတ်တော်က ပါတီကို တင်ပြရပြန်သည်။ ဒီတော့ ပါတီက အဆုံးအဖြတ် ဝင်ပေးပါသည်။ ဒဂုံမြို့ဆန်နယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျာက–

"ပါတီက ဒိုင်ပဲ။ ပါတီအကြီးအကဲတွေက လွှတ်တော်ဘက်ကို အဝါကတ်တွေ လိုမ့်ပြနေလို့ရှိရင် ကစားရတာ Fair မဖြစ်ဘူးပေါ့"ဟု ဆိုပါသည်။

mgyoe.com

mgyoe.com

တကယ်တော့ အစိုးရအဖွဲ့ကို ပါတီက လမ်းညွှန်ရမလား၊ အစိုးရအဖွဲ့ဆိုတာက နိုင်ငံတော်နှင့် ပတ်သက်၍ ချမှတ်ထားသော အာဏာရပါတီ၏ မူဝါဒများကို အကောင်းဆုံး ဖြစ်အောင် အကောင်အထည်ဖော် လုပ်ဆောင်ရသည်။ ဒါကို အတိမ်းအစောင်း မရှိအောင် လွှတ်တော်က အကဲဖြတ်စောင့်ကြည့်ရသည်။ လုပ်ဆောင်ရာတွင် တိကျမှန်ကန် မြန်ဆန်အောင်၊ မလိုအပ်သော ဥပဒေများ ပယ်ဖျက်ခြင်း၊ လိုအပ်သော ဥပဒေပြဋ္ဌာန်းခြင်း၊ အလုပ်များလည်း လွှတ်တော်က လုပ်ဆောင်ရသည်။ ကိုယ့်အပိုင်း၊ ကိုယ့်တာဝန်ကို သေချာစွာ နားလည်သဘောပေါက်နေလျှင် တစ်ခုနှင့်တစ်ခု ပွတ်တိုက်မိစရာအကြောင်းမရှိလှ။

ဒေါ်အောင်ဆန်းစုကြည်ကတော့ ဒုတိယအကြိမ် လွှတ်တော်များ၏ (၂) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား (ဖေဖော်ဝါရီ ၁) တွင် "လွှတ်တော်ထဲရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးဟာ တစ်ဦးနဲ့တစ်ဦး မိတ်ဆွေများသဖွယ် ရဲဘော်ရဲဘက်များသဖွယ် ဆက်ဆံနိုင်ဖို့ အရေးကြီးတယ်။ ရွေးကောက် တင်မြှောက်ထားရတဲ့ ကိုယ်စားလှယ်တွေလို့ ပြောတာ တပ်မတော်သား ကိုယ်စားလှယ်တွေကို ချန်ပြီးတော့ ပြောတာ မဟုတ်ဘူး။ အားလုံး စုပေါင်းလုပ်ရမယ်" ဟု ဆိုခဲ့သည်။ "အတိုက်အခံမို့ ရန်သူဆိုပြီး သဘောမထားသင့်ဘူး။ အတိုက်အခံများသည် ရန်သူဆိုတာ ဒီမိုကရေစီ စိတ်ဓာတ် မဟုတ်ဘူး" ဟုဆိုသည့်အတွက် လွှတ်တော်ထဲမှာ အတိုက်အခံ အင်အားစုနှင့်အတူ တွဲလုပ်ဆောင်ကြရန် လမ်းညွှန်သည်ဟု ယူဆရပါသည်။

"အစိုးရဆိုတာ လွှတ်တော်ပေါ်မှာ အားကိုးရပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် အစိုးရနဲ့လွှတ်တော် အံဝင်ခွင်ကျမဖြစ်တဲ့အခါ လုပ်ရကိုင်ရတာ ခက်ခဲပါတယ်" ဟုဆိုသည်။ ဒီတော့ ကြားထဲမှ ဝင်ရောက်ထိန်းညှိပေးရမည့်သူမှာ 'ပါတီ' ဖြစ်၍လာသည်။ ထိုအခါ ပါတီသည် သမာသမတ်ကျဖို့ လိုပါသည်။ သို့မှသာ သုံးနားညီ ဒီမိုကရေစီ အနှစ်သာရ ပေါ်ထွန်းလာနိုင်ပေသည်။

**News Watch ဂျာနယ်၊ ၁၇-၂-၂၀၁၈။**

❐

mgyoe.com

mgyoe.com

## ဒီမိုကရေစီသတိ - ဒီမိုကရေစီအသိ

ဩဂုတ်လ ၂ ရက်နေ့မှာ လက်ရှိ NLD အစိုးရကို ဖြုတ်ချရေးလို့ ဦးတည်ချက် ကြွေးကြော်သံတွေနဲ့ ဆန္ဒပြ သပိတ်မှောက်တဲ့ ပွဲကို (ရဟန်း+လူ) ရန်ကုန်ရွှေတိဂုံ အရှေ့ဘက်မုခ် ကြားတောရ ကြေးသွန်းဘုရားကြီးရှေ့မှာနဲ့ မန္တလေးမြို့ မန္တလေးသာသနာ့ ၂၅၀၀ ဓမ္မာရုံမှာ တစ်ပြိုင်နက်တည်း စတင်ခဲ့ပါတယ်။ ဗီနိုင်းဆိုင်းဘုတ်တွေ ကိုင်၊ ကြွေးကြော်သံတွေ တိုင်ရုံနဲ့ ပြီးသွားမယ့် သပိတ် မဟုတ်ပါဘူး။ တောင်းဆိုချက်တွေရတဲ့အထိ ထိုင်သပိတ် ဆက်ဆင်နွှဲသွားမယ်လို့ ကြေညာထားပါတယ်။ ဒီအဖွဲ့ (အုပ်စုနှစ်စု) ဟာ (ဩဂုတ်လ ၂ ရက်နေ့) က ရန်ကုန်မြို့တော်ခန်းမရှေ့မှာ "အမျိုးသားရေးဖိနှိပ်သူ အစိုးရ" ဆိုပြီး ဆန့်ကျင်ဆန္ဒပြခဲ့တဲ့သူတွေနဲ့ တစ်အုပ်စုတည်းပဲ ဖြစ်ရပါမယ်။ ဒါတွေဟာ အရင်က မျိုးချစ်များအဖွဲ့၊ ၉၆၉ စတဲ့ မဘသနဲ့ ဆက်စပ်နီးနွယ်နေတဲ့ အဖွဲ့တွေ ဖြစ်တယ် ဆိုတာကတော့ ဗေဒင်မေးစရာ မလိုပါဘူး။ အရင်ကလို အမည်ဟောင်းတွေ မခံယူတော့တာပဲ ကွာပါတယ်။

အခုရက်ပိုင်းမှာ မပဟနနဲ့ မဘသ အားပြိုင်ပွဲကို ကျွန်တော်တို့ ရင်တမမ ကြည့်နေခဲ့ကြပြီးပါပြီ။ မဘသဟာ ရှိမနေသင့်တဲ့ အဖွဲ့အစည်း ဖြစ်တယ်လို့ ရန်ကုန်တိုင်း ဝန်ကြီးချုပ်က နှုတ်မှဖွင့်ဟဆိုရာကစပြီး အခြေအနေဟာ

mgyoe.com

mgyoe.com

တင်းမာလာတာပဲ။ နောက်ဆုံး သာသနာရေး ဝန်ကြီးနဲ့ မဟာန ဆရာတော်ကြီးများကိုယ်တိုင် ပါဝင်ပတ်သက်လာရပြီး မဟာန ဆရာတော်ကြီးတွေက မဘသဟာ တရားမဝင် အဖွဲ့အစည်းတစ်ခုသာ ဖြစ်တဲ့အတွက် ဒီအမည်နဲ့ ဘာလှုပ်ရှားမှုမှ မလုပ်ရ၊ မဘသ ဆိုင်းဘုတ်တွေကိုလည်း ဇူလိုင်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ဖြုတ်ချပေးရမယ်လို့ အမိန့်ပေးခဲ့ပါတယ်။ သာသနာရေး ဝန်ကြီးကလည်း ဒီလိုဓမ္မစက်နဲ့ ဆောင်ရွက်ရာမှာ မလိုက်နာပါက အာဏာစက်နဲ့ ကူညီဆောင်ရွက်မယ်လို့ ပြောပါတယ်။ ဒါပေမဲ့ ဦးဝီရသူ အပါအဝင် မဘသတွေ၊ မျိုးချစ်တွေကတော့ မဘသ ဆိုင်းဘုတ်တွေကို ဖြုတ်မချဘဲ အသက်နဲ့လဲ ကာကွယ်သွားမယ်လို့ ကြေညာချက်ထုတ်တယ်။ တကယ်လည်း နေ့ရောညပါ ဒီဆိုင်းဘုတ်တွေအောက်မှာ လူတွေ၊ ဘုန်းကြီးတွေ အလှည့်ကျ ကင်းစောင့်ရင်း ဖြုတ်ချမခံရအောင် စောင့်ရှောက်နေကြတယ်။

ဇူလိုင်လ ၁၅ ရက်နေ့ရောက်လို့မှ မဘသ ဆိုင်းဘုတ်တွေ ဖြုတ်မချရင် အာဏာစက်နဲ့ အရေးယူမယ်လို့ နိုင်ငံပိုင် ရုပ်သံမီဒီယာက ဇူလိုင်လ . ၁၄ ရက် ည ၈ နာရီသတင်းမှာ အတည်ပြု ထုတ်ပြန်ကြေညာခဲ့တော့ ပွဲကြီးပွဲကောင်း တွေ့ရတော့မယ် မှတ်ခဲ့ပါတယ်။ သို့သော်လည်း ထုံးစံအတိုင်း နောက်ဆုံးတော့ အဖျားရှုးသွားတာပါပဲ။ နောက် ၁၀ ရက်လောက်နေပြီး အကြောင်းမထူးတော့ သာသနာရေး ဝန်ကြီးက ဆိုင်းဘုတ်ကလေးနှစ်ခု၊ သုံးခုကို အတင်းဖြုတ်ချခြင်းအားဖြင့် ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခဖြစ်လာမည်ကို မလိုလားသည့်အတွက် တာဝန်သိသိ ဖြုတ်ချသည်အထိ ညှိနှိုင်းသွားမည်လို့ ပြောခဲ့ပြန်တယ်။ အဲဒီတော့ “ပိုနေမြဲ ကျားနေမြဲ” ပါပဲ။ ဒီကြားထဲ အခုရက်ပိုင်းမှာပဲ မဟာနကလွှဲပြီး ကျန်တဲ့ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းတွေကို ဖျက်သိမ်းပစ်မယ်လို့ သတင်းထွက်လာလို့ မဟုတ်ရပါကြောင်း သာသနာရေး ဌာနက ရှင်းလင်းချက် ထုတ်ရသေးတယ်။ ဒီတော့ တစ်ဖက်က အထက်စီးယူပြီပေါ့။

အခု ၁ ရက်နေ့က မြို့တော်ခန်းမရှေ့မှာ သွေးတိုးစမ်းကြည့်တယ်။ အောင်မြင်တော့ ၂ ရက်နေ့ နေ့လယ်မှာ မန္တလေးနဲ့ ရန်ကုန် ပြိုင်တူသပိတ် စခန်းဖွင့်တယ်။ ကဲ ဘာလုပ်မလဲ။

mgyoe.com

mgyoe.com


ကြွေးကြော်သံတွေကလည်း (၁) အာဏာရှင်အစိုးရ နုတ်ထွက်ပေးရေး၊ (၂) ဗုဒ္ဓဘာသာကို ဖျက်ဆီးမည့် အစိုးရ ဖြုတ်ချရေး၊ (၃) အမျိုးသား လုံခြုံရေးကို အလေးမထား အကာအကွယ်မပေးသည့် အစိုးရ ဖြုတ်ရေးတဲ့။

တတိယ ကြွေးကြော်သံကတော့ တပ်မတော်ကို အာဏာပြန်သိမ်းဖို့ ဖိတ်ခေါ်လိုက်တာနဲ့ မကွဲပါဘူး။ အမျိုးသား လုံခြုံရေးကို အကာအကွယ် ပေးနိုင်တာ မြန်မာ့ လူ့အဖွဲ့အစည်းမှာ သူတို့ပဲရှိတာလို့ ပြောနေတယ် မဟုတ်လား။ သူတို့ ချိတ်ဆွဲထားတဲ့၊ ကိုင်ဆောင်ထားတဲ့ ဗီနိုင်းတွေမှာလည်း NLD အစိုးရကို အတိအလင်း ရှုတ်ချပုတ်ခတ်ထားတာတွေချည်းပါပဲ။

"ပြည်ပအားကိုး အစိုးရအလိုမရှိ" ဆိုတဲ့စကားဟာ အရင်အစိုးရ ဟောင်းက အတိုက်အခံ NLD ပါတီကို စွပ်စွဲခဲ့တဲ့ "ပြည်ပအားကိုး ပုဆိန်ရိုး" ဆိုတဲ့ စကားကို ပြန်လှန်သတိရစေပါတယ်။

ဘယ်သူတွေလဲ...ဘာလုပ်ကြသလဲ။ တိုင်းပြည်က သိသင့်သလောက်၊ မြင်သင့်သလောက်လည်း မြင်သိနေကြပါတယ်။ တကယ်တော့ ဆန္ဒပြနေတဲ့ သူ ဆိုတာလည်း အရေအတွက်က ပြောပလောက်စရာ မရှိပါဘူး။

NLD အစိုးရဟာ လိုအပ်ချက်တွေ ရှိနေတာ အမှန်ပါပဲ။ ကျွန်တော် တို့လည်း မြင်သလောက် ဝေဖန်ထောက်ပြနေလို့ NLD တွေကတောင် မျက်မုန်းကျိုးခံနေရပါတယ်။ ဒါပေမဲ့...

အနှစ် ၅၀ ကျော် မြန်မာပြည်ကို ခြယ်လှယ် အုပ်စိုးခဲ့တဲ့ အာဏာရှင် အဆက်ဆက်ထက်တော့ အပုံကြီးသာတယ်ဆိုတာ အထင်အရှားမို့ အမြင် မှားစရာ မရှိပါဘူး။

ဒါကြောင့် သမိုင်းဆီကို နောက်ပြန်လှည့်ချင်တဲ့ ရည်ရွယ်ချက်နဲ့ ပေါ်ပေါက်လာတဲ့ ဒီလိုဆန္ဒပြပွဲတွေကို ပြည်သူတွေက ဒီမိုကရေစီ သတိရှိရှိနဲ့ ဆန့်ကျင်သွားကြဖို့ လိုအပ်ပါတယ် ခင်ဗျား။

သူရိယအလင်း ဂျာနယ်၊ ၉-၈-၂၀၁၇။

❐

mgyoe.com

mgyoe.com

## အပြောင်းအလဲမှ အပြောင်းအလဲသို့

၂၀၁၅ တွင် NLD ပါတီသည် The Change (အပြောင်းအလဲ) ဆိုသော ကြွေးကြော်သံဖြင့် ရွေးကောက်ပွဲ၌ သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့သည်။ (အမေရိကန်တွင် အိုဘားမားသည်လည်း ဤမဲဆွယ် စကားဆောင်ပုဒ်ဖြင့် သမ္မတ ဖြစ်ခဲ့သည်။) လူတွေက အပြောင်းအလဲကို မျှော်လင့်ခဲ့ကြသည်။ အထူးသဖြင့် အနှစ် ၅၀ ကျော် တစ်ပါတီ အာဏာရှင်စနစ်အောက်တွင် နေထိုင်ခဲ့ရသည့် မြန်မာပြည်သူတွေက ပို၍ မျှော်လင့်ကြသည်။ နောက်တစ်ဆင့် ထိုအပြောင်းအလဲကို အမှန်တကယ် ဖော်ဆောင်နိုင်မည့်သူမှာ ဒေါ်အောင်ဆန်းစုကြည်ကလွဲ၍ မရှိဟု တစ်ထစ်ချ ယုံကြည်ခဲ့ကြသည်။ (၂) နှစ်ခန့် အစိုးရသက်တမ်းရသောအခါ ဒေါ်အောင်ဆန်းစုကြည်က ကြွေးကြော်သံ ဆောင်ပုဒ်ကို 'ပြည်သူနှင့်အတူ' ဟု ပြောင်းလဲခဲ့သည်။ သူ့ပါတီ၊ အစိုးရအဖွဲ့နှင့် လွှတ်တော် ကိုယ်စားလှယ်တွေ၏ အခြေအနေကို ဤနှစ်များအတွင်း ပြန်လည်သုံးသပ်ကြည့်ကာ 'ပြည်သူတို့နှင့် ကင်းကွာနေသည်' ဟု ယူဆသဖြင့် ထိုကြွေးကြော်သံ အသစ်ကို ပြဋ္ဌာန်းပုံရသည်။ ထိုမျှသာမက အစိုးရအဖွဲ့၊ လွှတ်တော်နှင့် ပါတီအတွင်း (ပြည်သူတို့နှင့် တစ်သားတည်း မကျသူများကို) ထိရောက်စွာ 'အပြောင်းအလဲ' လုပ်ဖို့ အားထုတ်ဆောင်ရွက်လာတာ တွေ့ရသည်။ အပြောင်းအလဲမှသည် အပြောင်းအလဲဆီသို့ဟု ဆိုရလေမလား မသိ။

mgyoe.com

mgyoe.com


ဧရာဝတီတိုင်း ဝန်ကြီးချုပ် မန်းဂျော်နီ၊ စိုက်/မွေးဝန်ကြီး ဦးဘဟိန်း၊ မကွေးတိုင်းမှ စိုက်/ဆည်ဝန်ကြီး ဦးစိုးမြင့်၊ လူဝင်မှုနှင့် ပြည်သူ့အင်အား ဝန်ကြီး ဦးနေမျိုးကျော်တို့ကို သူတို့၏ ဆန္ဒအလျောက် ရာထူးမှ အနားယူ ခွင့်ပြုသည်ဟု ကြေညာသော်လည်း ပါတီက ညွှန်ကြားချက်ကြောင့်ဆိုတာ သိသာပါသည်။ ပဲခူးတိုင်းဒေသကြီးမှ ဝန်ကြီးနှစ်ဦး ဦးကျော်မင်းစံနှင့် ဦးမောင်မောင်လွင်တို့ကိုလည်း တာဝန်မှ အနားယူရန် ပါတီ NLD က ညွှန်ကြားထားသည်ဟု သိရသည်။ (ထိုဝန်ကြီးနှစ်ဦး သမ္မတထံ နုတ်ထွက် စာတင်ထားပြီးဟု သိရသည်။) ပြီးလျှင် ပြည်ထောင်စုအဆင့်ဝန်ကြီး ၅ ဦးကိုလည်း အပြောင်းအလဲလုပ်ဖို့ အစီအစဉ်ရှိကြောင်း NLD နှင့် နီးစပ်သော အသိုင်းအဝိုင်းမှ သတင်းထွက်ပေါ်နေသည်။ ဤအချိန်မတိုင်မီကလည်း အရေးယူမှုတွေ ရှိခဲ့သည်။ (ဥပမာ မွန်ပြည်နယ်မှ ဦးမင်းမင်းဦး) အဓိကက ထိုသူများသည် ပါတီ၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း မရှိသော ကြောင့် လည်းကောင်း၊ ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်မှု အားနည်းသောကြောင့် လည်းကောင်းဟု ဆိုသည်။ သို့ သော် ရခိုင်ပြည်နယ် စည်ပင်ဝန်ကြီး ဦးမင်းအောင် ဖြုတ်ချမှုတွင် သူ့ကို ထောက်ခံသော ပြည်သူတချို့က ဖြုတ်ချမှုအား ကန့်ကွက်ဆန္ဒပြမှုတွေ ရှိနေ သည်။ ဧရာဝတီတိုင်းမှ စိုက်/မွေးဝန်ကြီး ဦးဘဟိန်း နုတ်ထွက်မှုအတွက် လည်း လွှတ်တော် ကိုယ်စားလှယ်နှင့် ဒေသခံ ရေလုပ်သားများအား အံ့အား သင့်ခဲ့ကြသည်ဟု ဆိုသည်။ ဤအချက်များတွင် ကွာဟမှု ရှိနေကြောင်း မြင်နေရသည်။

ဒါ့အပြင် လွှတ်တော် ကိုယ်စားလှယ်များနှင့် ပတ်သက်၍လည်း ၂၀၁၇ တစ်နှစ်အတွင်း လူထုက တိုင်ကြားမှုကြောင့် လွှတ်တော် ကိုယ်စား လှယ် ၃၀ ကို စိစစ်အရေးယူခဲ့ကြောင်း သိရသည်။ (လွှတ်တော် ကိုယ်စား လှယ်များ တိုင်ကြားစာဌာနသို့ အမှန်တကယ် ရောက်ရှိခဲ့သည့် တိုင်ကြားစာ ပေါင်းမှာ ၅၀၀ ကျော်ရှိခဲ့သည်ဟု ဆိုသည်။ သို့သော် တကယ် ဤဌာန အကျုံးဝင်သည့် တိုင်ကြားစာက ၂၅၀ သာ ရှိသည်။ ဒီထဲက ၃၀ ကို စိစစ် ကာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ တင်ပြနိုင်ခဲ့ခြင်း ဖြစ်သည်။ အမှန် တကယ် ပြောရလျှင် အရေးယူမှုအပိုင်းမှာ အားနည်းလှသည်။ အတိုင်ခံရ

mgyoe.com

mgyoe.com

သော လွှတ်တော် ကိုယ်စားလှယ်ကို နှုတ်ဖြင့် သတိပေးခြင်း၊ စာဖြင့် သတိပေးခြင်း အဆင့်သာ ရှိသည်။ အစိုးရ အဖွဲ့ဝင်များကို အရေးယူရာ၌လည်း ပေါ့လျော့လွန်းသည် ထင်သည်။ အဂတိလိုက်စားမှု အပါအဝင် အကျင့်ပျက်သူများကို ထိထိရောက်ရောက် ပြင်းထန်အောင် အပြစ်ဒဏ်ပေးသည်ကို မမြင်ရမကြားရ။ ဒေါ်အောင်ဆန်းစုကြည်၏ ညွှန်ကြားချက်အရ ဒေါက်တာမျိုးညွန့် ဦးဆောင်သော လွှတ်တော် ကိုယ်စားလှယ်များနှင့် ပတ်သက်သည့် တိုင်ကြားရေးအဖွဲ့ ဖွဲ့ခဲ့ခြင်း ဖြစ်သည်။ ၂၀၁၇ စက်တင်ဘာ ၂၃ ရက်က ကျင်းပသည့် ဒီချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ရန်ကုန်တိုင်း လွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းအစိုးရ အဖွဲ့တို့ ဒုတိယအကြိမ် တွေ့ဆုံညှိနှိုင်း အစည်းအဝေးတွင် ဦးဝင်းထိန်က "တစ်နှစ်ခွဲ ကာလအတွင်း အဖွဲ့ချုပ် လွှတ်တော် ကိုယ်စားလှယ်တချို့ ဘဝမေ့ကုန်ကြကြောင်း၊ နောက်တစ်ချက် ကိုယ်စားလှယ်လုပ်ငန်းတာဝန် ထမ်းဆောင်ရာမှာလည်း မကျေပွန်ကြကြောင်း၊ တချို့ ကိုယ်ကျိုးအတွက် အသုံးချတဲ့ အသံတွေ ထွက်ပေါ်လာကြောင်း" ဝေဖန်ခဲ့သည်။ (ထို့ကြောင့် တိုင်ကြားစာအဖွဲ့ ဖွဲ့ရခြင်း ဖြစ်သည်။) ၂၀၁၇ ဇွန် ၂၄ ရက်နေ့ ဗဟိုကော်မတီ အစည်းအဝေးတွင်လည်း ဦးအောင်ကြည်ညွန့်က အမှာစကား ပြောကြားရာတွင် 'ပြောင်းလဲချိန်တန်ပြီ' ဆိုသော ကြွေးကြော်သံ၏ နောက်တစ်ဆင့်ဖြစ်သော 'ပြည်သူနှင့်အတူ' ဆိုသော ကြွေးကြော်သံနှင့် ခြေလှမ်းသစ်လှမ်းနေသောအချိန်တွင် ပြည်သူတို့နှင့် ပူးပေါင်းဆောင်ရွက်သည့်နေရာတွင် မောက်မာစွာ ဆက်ဆံခြင်းကို အလေးထား ရှောင်ကြဉ်ရမည်ဟု ပြောဆိုခဲ့သည်။ NLD သည် အကောင်အထည်ဖော်ရန် မူဝါဒများ ချမှတ်ထားကြောင်း၊ ထိုစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခြင်းသည် မိမိတို့၏ မူဝါဒကို ဖောက်ဖျက်တာနှင့် တူကြောင်း၊ ဒါဟာ သိပ်မကြာတဲ့ တစ်ချိန်ချိန်မှာ သမိုင်းတရားခံတွေ ဖြစ်ကြရလိမ့်မယ်လို့ သတိချပ်ဖို့ လိုကြောင်း သတိပေးခဲ့ဖူးသည်။

ယခုအစိုးရအဖွဲ့အတွင်း ပြုပြင်ပြောင်းလဲမှုများမှာ သမိုင်းတရားခံ မဖြစ်အောင် ပထမဆုံးလှမ်းသော ခြေလှမ်းများအဖြစ် ကြိုဆိုရမည်။ လွှတ်တော် ကိုယ်စားလှယ်များအပေါ် အရေးယူမှုမှာ ပျော့ပျောင်းလွန်းသည်ဟု ထင်စရာ ရှိသည်။ ပြောစရာအဖြစ်ဆုံးမှာ NLD ပါတီအတွင်း (ဗဟို

mgyoe.com

ကော်မတီ အပါအဝင်) ပါတီဝင်များနှင့်ပတ်သက်၍ အရေးယူမှုမှာ မရှိသလောက် အားနည်းနေခြင်း ဖြစ်သည်။ (အရေးယူမှုကို လူသိရှင်ကြား ထုတ်ဖော် မပြောတာလည်း ဖြစ်နိုင်ပါသည်။) ပါတီရှိ ထိပ်ပိုင်းမှ ပုဂ္ဂိုလ်များ ကိုယ်တိုင်ပင် စာနယ်ဇင်း အပါအဝင် လူထုနှင့် ဆက်ဆံရာတွင် မောက်မာမှုများရှိသလို စည်းလွတ်ဘောင်လွတ် ပြောကြားမှုများလည်း ရှိနေလေသည်။

တချို့က အစိုးရအဖွဲ့အပေါ်မှာရော လွှတ်တော်အပေါ်မှာပါ ပါတီက လွှမ်းမိုးလွန်းသည်ဟု ဝေဖန်နေကြသည်။ တကယ်တော့ လက်ရှိအစိုးရအဖွဲ့ရော လွှတ်တော်ပါ ပါတီမှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ အစိုးရအဖွဲ့မှာ ပါတီ၏ မူဝါဒကို အကောင်အထည်ဖော်ရသူသာ ဖြစ်သည်။ ပါတီသည် လွှတ်တော်ရော အစိုးရအဖွဲ့အတွက်ပါ ဦးဆောင်လမ်းညွှန်သူ ဖြစ်ရမည်မှာ ဒီမိုကရေစီ နိုင်ငံတိုင်း၏ အစဉ်အလာသာ ဖြစ်လေသည်။

News Watch ဂျာနယ်၊ ၂၀-၁-၂၀၁၈။

❒

mgyoe.com

mgyoe.com

# ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးနှင့် အဖွဲ့ချုပ် အနာဂတ်

စက်တင်ဘာ ၂၇ (၂၀၁၇) သည် NLD အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ပါတီထူထောင်သည့် (၂၉) နှစ်ပြည့် နှစ်ပတ်လည်နေ့ ဖြစ်သည်။ ထိုပွဲကို အဖွဲ့ချုပ်တည်ရာ ဌာနတွင် ကျင်းပပြုလုပ်ခဲ့ပြီး ကြေညာချက် တစ်စောင် ထုတ်ပြန်ရာတွင်–(၁) ၈၈ အရေးတော်ပုံမှ ပေါ်ထွက်လာသော ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ပါတီသည် အနှစ် ၃၀ နီးပါး ခက်ခဲကြမ်းတမ်းသော ကာလများကို ဖြတ်သန်းရင်ဆိုင်ကာ ကြံ့ကြံ့ခိုင် ရပ်တည်ခဲ့ကြောင်း၊ (၂) ကျယ်ပြန့်သော ပြည်သူထောက်ခံသည့် အစဉ် အလာကောင်းများကို ရရှိခဲ့ပြီး အသွင်ကူးပြောင်းရေးကာလမှာ ကြုံတွေ့ ရမည့် အခက်အခဲများကို ရင့်ကျက်မှုဖြင့် ရင်ဆိုင်ကာ အနာဂတ်သစ်ကို ယုံကြည်မှုများဖြင့် ဆက်လက် ချီတက်နေကြောင်း (နှင့်အတူ)၊ (၃) နှစ် ပေါင်းများစွာ မှေးမှိန်နေခဲ့သော မိမိနိုင်ငံ၏ အမျိုးသားရုပ်ပုံနှင့် တင့်တယ် ထည်ဝါမှုကို ကမ္ဘာ့အလယ်၌ နေရာမှန် ပြန်လည် ရပ်တည်နိုင်အောင် မြှင့် တင်ခဲ့ရကြောင်း (ဖော်ပြထားသည်ကို တွေ့ရသည်။)

အထက်ပါ (၂) ချက်ကို ငြင်းပယ်စရာ မရှိသော်လည်း (၃) အချက် နှင့် ပတ်သက်၍မူ လုံးဝဥဿုံ လက်ခံနိုင်ရန် ခက်ခဲဖွယ် ရှိနေလေသည်။ ယနေ့ မြန်မာနိုင်ငံ အခြေအနေသည် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်သော အနေအထား မဟုတ်တာ လူတိုင်း သိသည်။ အရပ်ကူပါ လူဝိုင်းပါ

mgyoe.com

mgyoe.com


အခြေအနေဖြင့် (ရခိုင်အရေးနှင့် ပတ်သက်၍) နိုင်ငံတကာ၏ ဖိအားပေးမှုကို အပူတပြင်း ရင်ဆိုင်နေရသော အခြေအနေ ဖြစ်သည်။ ကြေညာချက်၏ နောက်ဆုံးအပိုဒ်တွင် (၄) စိန်ခေါ်မှုနှင့် ဖိအားပေးမှုများကြောင့်လည်း ဒီမိုကရေစီ လမ်းကြောင်းမှ အာရုံပြောင်းသွားမည် မဟုတ်သကဲ့သို့ သွေဖည်သွားမည်လည်း မဟုတ်ကြောင်း ဖော်ပြထားသည်။

မှန်ပါသည်။ ပြည်တွင်းပြည်ပ ဖိအားပေးမှုများကို ရင်ဆိုင်နေရသည်။ အတိအလင်း ဝန်ခံပြီးလျှင် ကြောက်ရွံ့နေစရာ မဟုတ်သည့်တိုင်အောင် ထိုဖိအားပေးမှုများသည် အရေးတယူ သဘောထားစရာ မလိုကြောင်းတော့ ကောက်ချက်ချ၍ မရသည်မှာ သေချာလှသည်။ ကျွန်တော်တို့ နိုင်ငံသည် တစ်နိုင်ငံတည်း မိမိခြေထောက်ပေါ် ရပ်တည်နိုင်သောနိုင်ငံ မဟုတ်။ စစ်ရေး၊ လူမှုရေး၊ စီးပွားရေး စသည့် အချက်များ၌ နိုင်ငံတကာနှင့် ကူးလူးဆက်ဆံနေရသောနိုင်ငံ ဖြစ်သည်။ ဒါကြောင့် ဖိအားများအပေါ် အရေးစိုက်သင့်သလောက် စိုက်ရမည်။ ငါ့လှေငါထိုး ပဲခူးရောက်ရောက်လုပ်၍ မရ။ (ဥပမာ–မြန်မာနိုင်ငံထက် စစ်ရေး၊ စီးပွားရေး၌ များစွာ သာလွန်သော အစ္စရေးနိုင်ငံပင်လျှင် သူ့နိုင်ငံ တစ်နိုင်ငံတည်း မရပ်တည်နိုင်။ အမေရိကန် အပါအဝင် မိတ်ဖက်နိုင်ငံများ၏ အကူအညီကို ယူနေရသည်။)

ယခု အရေးအခင်းတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးနေသော နိုင်ငံ တချို့ (တရုတ်၊ အိန္ဒိယ၊ ရုရှား၊ သီဟိုဠ်) ရှိနေတာ ကံကောင်းသည်။ သို့တိုင်အောင် ရေရှည်ဆက်ဆံလာခဲ့သော အမေရိကန်၊ ဗြိတိန်တို့နှင့်လည်း မုန်းစကို ရှည်၍ မဖြစ်ပြန်။ အစိုးရအဆက်ဆက် ကျင့်သုံးလာသော နိုင်ငံခြားရေး ဝါဒက ကြားနေရေး ဝါဒ၊ ပြောရလျှင် ခြစ်စည်းရိုး ခွထိုင်ရေးဝါဒ ဖြစ်သည်။ အင်အားကြီးနိုင်ငံများအကြား လူလည်လုပ် ကစားကာနေသောနည်း ဖြစ်သည်။ ဒါကလည်း တစ်ခါတစ်ရံ လည်လွန်းသောဘီး၊ ချေးသင့်ဆိုသကဲ့သို့ အနေမတတ်က ကြားညပ်ရမည့်သဘော ရှိသည်။ ဘယ်ဘက်ကိုမှ ပြတ်ပြတ်သားသား မရပ်သည့်အတွက် ဘယ်သောအခါကမှ (နှစ်ဖက်စလုံးမှ) အကူအညီကို ပြတ်ပြတ်သားသား မရခဲ့။ ယခုခေတ်ပြောင်း၊ စနစ်ပြောင်း ကာလတွင် ကျင့်သုံးနေသော နိုင်ငံခြားရေး မူဝါဒကို ပြန်လည်ဆန်းစစ်သင့်သည်ဟုလည်း ထင်မြင်မိပါသည်။

mgyoe.com

mgyoe.com


ထို့အတူ ပါတီကိုလည်း ဝေဖန်ရေးနှင့် ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး လုပ်ဖို့ အခြေအနေ ဖြစ်သည်။ စက်တင်ဘာ ၂၃ ရက်နေ့က ပြုလုပ်သည့် NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့နှင့် ရန်ကုန်တိုင်း အလုပ်အမှုဆောင်အဖွဲ့၊ ရန်ကုန်တိုင်းရှိ လွှတ်တော် ကိုယ်စားလှယ်များနှင့် ရန်ကုန်တိုင်း အစိုးရအဖွဲ့ တို့ ဒုတိယအကြိမ် တွေ့ဆုံပွဲအစည်းအဝေးတွင် ဦးဝင်းထိန်က အမှာစကား ပြောရာ၌ –(၁) လွှတ်တော် ကိုယ်စားလှယ်အချို့ လုပ်ငန်း တာဝန် ထမ်း ဆောင်ရာတွင် တာဝန်မကျေ၊ (၂) တချို့ ကိုယ်ကျိုးအတွက် ရည်ရွယ် လုပ်ဆောင်၊ (၃) တစ်နှစ်ခွဲအတွင်း လွှတ်တော် ကိုယ်စားလှယ် တချို့ ဘဝမေ့။ အဖွဲ့ချုပ်၏ ရည်မှန်းချက်များကို မျက်ကွယ်ပြုပြီး အချို့ ပုဂ္ဂိုလ်များ ထင်ရာစိုင်းနေကြသည်မှာ ရန်ကုန်တိုင်းသာမက အခြားတိုင်းနှင့် ပြည်နယ် များတွင် အများရှိကြောင်း ပြောခဲ့ကြသည်။

သို့သော် သူက တိုင်ကြားရေးအဖွဲ့ရဲ့ တိုင်စာတွေကို စစ်ကြည့်တဲ့အခါ တကယ် မှန်ကန်တာက အနည်းစု ငါးရာခိုင်နှုန်းလောက်ပါဟု ဆိုပြန်သည်။ နောက်တော့ ငါးရာခိုင်နှုန်း ဆိုတာကပဲ ကျွန်တော်တို့ အဖွဲ့ချုပ်အတွက်တော့ များတယ်လို့ ပြောရပါမယ်ဟု ဆိုပြန်လေသည်။

သူရိယအလင်း ဂျာနယ်၊ ၄–၁၀–၂၀၁၇။

❒

mgyoe.com

mgyoe.com

# ရန်သူကို အမြစ်ဖြတ်ရမယ်

ရွှေပါရမီတောရ ဆရာတော်ဟု နာမည်ကြီးသော အရှင်ဆန္ဒာဓိကာ၏ ဟောကြားသည့် တရားတစ်ပိုဒ် (ဇူလိုင် ၂၀/၂၀၁၇) ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပါလာတာ တွေ့ရသည်။ အကြိမ် (၇၀) မြောက် အာဇာနည် နေ့ အမှတ်တရ စကားဟု အမည်ပေးထားသည်။ အားလုံးသိသည့်အတိုင်း ထိုအရှင်သည် ဒေါ်အောင်ဆန်းစုကြည် ကိုးကွယ်သည့် မင်းဆရာ ဖြစ်သည်။ ထိုဆရာတော်ကလည်း NLD နှင့် ပတ်သက်လာလျှင် လူသိရှင်ကြား အကူ အညီပေးလေ့ ရှိသည်။ ရှင်းရှင်းပြောရလျှင် NLD ကို ပြောင်ထောက်ခံသူ ဖြစ်သည်။ တချို့ ကိုယ်တော်တွေလို တစ်နေရာတစ်မျိုး ပြောကာ အရောင် ပြောင်းတတ်သူ မဟုတ်။ သို့သော် ဤကိုယ်တော်ကား (ကျွန်တော် သိရ သလောက်) နိုင်ငံရေးနှင့် ပတ်သက်သောစကား ပြောခဲလှသည်။ ဒီတစ်ခါ တော့ (လိုအပ်သည်ဟု သူကိုယ်တိုင် ယူဆကောင်းယူဆပုံ ရပါသည်) နိုင်ငံရေးနှင့် ပတ်သက်သော စကားပြောလာသည်။ မင်းကျင့်တရား (၁၀) ပါးကို အခြေခံဟောသဖြင့် သူ့ဒကာမကြီး ဦးဆောင်သော မေတ္တာသစ္စာ အစိုးရကို လမ်းညွှန်ဩဝါဒပေးလိုဟန် ရှိသည်။ သူက...

"တေသကုဏဇာတ်တော်မှာ မြတ်စွာဘုရားရှင်က မင်းကျင့်တရား တွေ အများကြီး ဟောထားပါတယ်။ အဲဒီအထဲက တစ်ခုက ကဗျာဆန်ဆန် လေးမို့ အမှတ်တရ ပြောပါရစေ။ ရန်သူရဲ့ အမြစ်ကိုလည်း ဖြတ်ရမယ်။

mgyoe.com

mgyoe.com


အညွှန့်ကိုလည်း ဖြတ်ရမယ်တဲ့။ ဒါက တိုက်ရိုက်ဘာသာ ပြန်လိုက်တာပါ။ မင်းကျင့်တရားကို ဟောထားတာဆိုတော့ အပြည့်အစုံ ဘာသာပြန်ရရင် "နိုင်ငံရန်သူရဲ့ အမြစ်ကိုလည်း ဖြတ်ရမယ်၊ အညွှန့်ကိုလည်း ဖြတ်ရမယ်" လို့ အဓိပ္ပာယ် ရပါတယ်ဟု ဆိုသည်။ **နိုင်ငံရန်သူ** ဆိုသော စကားကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌လည်း "နိုင်ငံသားတွေကို ဆိုးကျိုးဖြစ်စေတဲ့ သူဟာ နိုင်ငံရန်သူပါပဲ။ နိုင်ငံတိုးတက်မှုကို အဟန့်အတား ဖြစ်စေတဲ့သူဟာ နိုင်ငံရန်သူပါပဲ။ ဘယ် လိုပုံစံ၊ ဘယ်လို အနေအထားနဲ့ဖြစ်ဖြစ်၊ နိုင်ငံကို မတည်မငြိမ်ဖြစ်အောင် လုပ်တဲ့သူ၊ နိုင်ငံသားတွေရဲ့ စိတ်နှလုံးအေးချမ်းမှုနဲ့ ဘဝတိုးတက်မှုကို နှောင့်နှေးစေတဲ့သူတိုင်းဟာ နိုင်ငံရန်သူတွေချည်းပါပဲ" ဟု ရှင်းရှင်းလင်းလင်း မိန့်ဆိုခဲ့သည်။ နိုင်ငံ၏ ရန်သူအမျိုးအစားများစွာရှိနေရာ ခိုးဆိုးလုနှိုက် လုပ်နေသူလောက်သာ နိုင်ငံရေးရန်သူ မဆိုကြောင်း သဘောပေါက်အောင်ပြခဲ့သည်။ ဘယ်လိုပုံစံ၊ ဘယ်လိုအနေအထားဖြစ်ဖြစ် ဆိုတဲ့ စကားဟာ အကျယ်စဉ်းစားကြဖို့ လမ်းညွှန်ရာရောက်သည်။ ဘယ်သူတွေက–

(၁) နိုင်ငံတိုးတက်မှုကို အဟန့်အတား ဖြစ်စေသလဲ၊ (၂) နိုင်ငံကို မတည်မငြိမ် ဖြစ်အောင်၊ (၃) နိုင်ငံသားတွေရဲ့ စိတ်နှလုံး မအေးချမ်းအောင် လုပ်ဆောင်နေကြသလဲ။ ဘယ်လို ပုံစံနဲ့လဲ။ ဘယ်လို အနေအထားနဲ့လဲ။ တွေးတောစရာတွေရအောင် ခင်းကျင်းပြထားသည်။

ခိုးဆိုးလုနှိုက်နှင့် ပတ်သက်၍လည်း လမ်းပေါ်က ခိုးဆိုးလုနှိုက်နဲ့ နန်းပေါ်က ခိုးဆိုးလုနှိုက်ဆိုပြီး နှစ်မျိုး ရှိတယ်။ လူတစ်ယောက် ပစ္စည်းခိုးတာထက် အများပြည်သူ ပိုင်ဆိုင်တဲ့ ပြည်သူပိုင်ပစ္စည်းခိုးတာ (နန်းပေါ်က ခိုးဆိုးလုနှိုက်) ပိုအပြစ်ကြီးတယ်ဟု ခွဲခြားပြောဆိုခဲ့သည်။

"ဒါက ပိဋကတ်တော်မှာ တိုက်ရိုက်ပြထားတဲ့ ခိုးဆိုးလုနှိုက် ဥပမာတစ်ခုကိုပဲ ပြောတာပါ။ ဘယ်အရေးကိစ္စနဲ့ပဲဖြစ်ဖြစ် နိုင်ငံပြဿနာဖြစ်အောင် ဖန်တီးနေသူတွေ၊ တိုးတက်မှု နှောင့်နှေးအောင် အဟန့်အတား ပြုနေသူတွေဟာ နိုင်ငံရဲ့ ရန်သူတွေပါပဲ" ဟု ဆိုသည်။

ဒီတော့ ဆရာတော် ဟောညွှန်ချက်နဲ့ ကိုက်ညီသော နိုင်ငံရန်သူကို ရှာဖွေပြီး ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရန်မှာ လက်ရှိအစိုးရအဖွဲ့

mgyoe.com

တာဝန်သာဖြစ်သည်။ ဆရာတော်က "နိုင်ငံရန်သူရဲ့ အမြစ်ဖြတ်ဖို့ အားနာနေရင်၊ အညွှန့်ဖြတ်ဖို့ တွန့်ဆုတ်နေရင် နိုင်ငံပဲ နစ်နာပါလိမ့်မယ်" ဟု ဆိုသည်။ ဆက်၍ "ပြောလိုရင်းကတော့ ဘယ်ပြဿနာမဆို ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းဖို့ပါပဲ။ ပြဿနာရဲ့ အကြောင်းရင်း၊ အမြစ်ကိုလည်း ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်။ ပြဿနာရဲ့ အကျိုးဆက် အညွှန့်ကိုလည်း ပြတ်ပြတ်သားသား ဖြတ်တောက်ပစ်ရပါမယ်။ **ခေါင်းဆောင်ကောင်း** ဆိုတာ လုပ်စရာရှိတဲ့ အလုပ်တွေကို၊ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်တွေကို ပြတ်ပြတ်သားသား လုပ်ရပါမယ်။ တစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ရဲ့ မျက်နှာကို မကြည့်ဘဲ နိုင်ငံသားအားလုံးရဲ့ မျက်နှာတစ်ခုတည်းကိုပဲ ကြည့်ပြီး ပြတ်ပြတ်သားသား လုပ်ရပါမယ်။

ဒီထက်ပို၍ ရှင်းလင်းတိကျသော လမ်းညွှန်ဝါဒ ဟူ၍ မရှိဟုပင် ပြောရပေမည်။ ဆရာတော်၏ ဒကာမအရင်းကြီးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်သည် (အများက) ခေါင်းဆောင်ကောင်းဟု ယူဆထားသူဖြစ်ရာ သူကြည်ညိုသော ဆရာတော်၏ ဆုံးမစကားကို လိုက်နာလေမည်လားဟု စောင့်ကြည့်ရန်သာ ရှိပေတော့သည်။

သူရိယအလင်း ဂျာနယ်၊ ၂–၈–၂၀၁၇။

❐

mgyoe.com

## အစိုးရနှင့် ပြည်သူ့ ထပ်တူ ကျ၊ မကျ

ပြည်သူ့ဘဝကို နားလည်အောင် ပြည်သူ့ကြားထဲ တိုးဝင်လေ့လာ ရပါမယ်။

ပြည်သူ့ဘဝကို မသိဘဲ စားပွဲဝိုင်းမှာ ထင်မိထင်ရာတွေ ပြောနေရင် ငပေါတွေဖြစ်နေမှာပဲ။

ငါးပိရည်နဲ့ တို့စရာအရွက်ထဲက ဟင်းတစ်ခွက်လျှော့ခိုင်းတာ
ပြည်သူတွေ ဘာဖြစ်သွားစေသလဲလောက်တော့
မြန်မာစကားနက်ကို သိသင့်တယ်။

ဓမ္မဘောရီ (တောင်စွန်း)

မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံက "ကုန်ဈေးနှုန်း ကျဆင်းအောင် ပြည်သူတွေ ဟင်းတစ်မည်ပဲ ချက်စားကြရမယ်" ဟု ဩဝါဒ ခြွေအပြီး ဓမ္မဘောရီ (တောင်စွန်း) ဆရာတော်ဘုရား သူ့ Facebook စာမျက်နှာတွင် ညင်ညင်သာသာ ဝေဖန်လိုက်သော မှတ်ချက် ဖြစ်သည်။ ဝန်ကြီးချုပ် ဒေါက်တာအေးဇံလည်း သူ့အရင် ယခင်အစိုးရများလက်ထက်က နာမည်ပျက်ဖြင့် နာမည်ကြီးခဲ့သော တစ်နပ်စား မြင့်လှိုင်၊ နယ်လှည့်ပါးရိုက် အုန်းမြင့်တို့နှင့် တစ်တန်းတစ်စားတည်း သဘောထား (သတ်မှတ်) တာ ခံလိုက်ရသည်။ ဓမ္မဘောရီ ဆရာတော်သည် အင်မတန် ခေတ်မီသော အတွေးအမြင်

mgyoe.com

mgyoe.com

ရှိသည်။ သီတဂူဆရာတော် ဘုရားကဲ့သို့ပင် နိုင်ငံရေးကိုလည်း စိတ်ဝင်တစား ရှိတော်မူပုံရသည်။ ဒေါ်အောင်ဆန်းစုကြည် ဆည်းကပ်ကိုးကွယ်သည့် ဆရာတော်များထဲမှ တစ်ပါး အပါအဝင်လည်း ဖြစ်သည်။ ဒီလိုသာ ဆရာတော်က ထုတ်ဖော်ပြောသည်ဆိုတော့ သက်ဆိုင်သူများ သတိထားသင့်လှသည်။

ဒေါက်တာအေးဇံက ဗိုလ်ချုပ်အောင်ဆန်း စကားကို ကိုးကားခဲ့သေးသည်။ ဗိုလ်ချုပ်ပြောသော အခြေအနေမှာ ဒုတိယကမ္ဘာစစ်ကြီးပြီးစ ပြန်လည်ထူထောင်ရေးကာလ ဖြစ်သည်။ ထိုကာလ၌ ကွန်မြူနစ်နိုင်ငံဖြစ်သော ရုရှားကို မဆိုထားနှင့် အင်္ဂလန်နိုင်ငံသည်ပင် ပေါင်မုန့်ကို ခွဲတမ်း (ရာရှင်စနစ်) ဖြင့် စားသုံးခဲ့ကြရသည်။ ယနေ့ မြန်မာနိုင်ငံသည် အရပ်သား ဒီမိုကရေစီ အစိုးရမင်းများ လက်ထက်တော်ကာလ ဖြစ်သည်။ အခြေအနေ မတူတာကို မနှိုင်းယှဉ်အပ်။ မကြာသေးမီကပင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးကျော်ဝင်းက "မြန်မာ့စီးပွားရေးဟာ ၂၀၁၇ မှာ Run Way ကနေပြီးတော့ ကမ္ဘာမြေကြီးရဲ့ Gravity ကို ဆန့်ကျင်ပြီး ဂျက်ပါဝါနဲ့ လေထဲကို ပြေးမယ့်နှစ်" ဆို ပြောခဲ့သေးတယ် မဟုတ်လား။ (အခုတော့ သူကလည်း ထင်သလို ခရီးမပေါက်ခဲ့ကြောင်း ဝန်ခံပါတယ်။)

ခက်တာက ဓမ္မဘေရီဆရာတော်ဘုရား ပြောခဲ့သလို ပါတီ၊ လွှတ်တော်၊ အစိုးရအဖွဲ့ဝင်က သက်ဆိုင်ရာ တာဝန်ရှိသူတွေဟာ ပြည်သူ့ဘဝကို နားလည်အောင်၊ ပြည်သူ့ဘဝထဲအထိ တိုးဝင်လေ့လာမှု အားနည်းတာပါပဲ။ ဒေါက်တာအေးဇံဆိုတာ ဝန်ကြီးချုပ်ဖြစ်တာ တစ်နှစ်မပြည့်သေးတော့ (နုတ်ထွက်သွားတဲ့ ဝန်ကြီးချုပ်မင်းမင်းဦးနေရာကို မတ်လကမှ အစားထိုး တာဝန်ယူခဲ့တာပါ။) လေ့လာဖို့ အချိန်မရသေးရှာလို့ ဖြေတွေးတွေးရမှာလား။ သူက–

"ကုန်ဈေးနှုန်းကျချင်ရင် ထမင်းကို ဟင်းတစ်မည်တည်းနဲ့ စား။ တော်ပြီ။ အသီးအရွက်ကြော်လေးနဲ့။ အဲဒါပဲ စားကြအိမ်တိုင်း" တဲ့။

ဟင်းတစ်မည်ဟာ အသားဟင်းတောင် မဖြစ်ရဘူးတဲ့။ အသီးအရွက်ကြော်လေးနဲ့တဲ့။ (တကယ် ဆင်းရဲတဲ့သူတွေဟာ အသီးအရွက်တောင် ကြော်စရာဆီ မရှိပါဘူး။ ရေလုံပြုတ်ပြီး တို့စရာ လုပ်စားနေကြရတာပါ။) ဓမ္မဘေရီ ဆရာတော်ကတော့ ဒီလို ရေးထားပါတယ်။

mgyoe.com

mgyoe.com

"ကျုပ်နေခဲ့တဲ့အရပ်၊ ငါးပိရည်အိုး မပြတ်တည်ထား။ စားခါနီးမှ ရရာအရွက်ခူး၊ ရေဆေး။ ငရုတ်သီးတောင့်စပ်စပ် မခတ်နိုင်တဲ့ ငါးပိရည်နဲ့ ညစာမနက်စာပြီးနေတဲ့သူတွေ အများကြီး။ လယ်ကြား ငါးလေး၊ ပိန္နဲစေ့ မီးဖုတ် လေးစိတ်ခွဲလေးပါတဲ့နေ့၊ အာဂပါးစပ် လူဖြစ်ကျိုးနပ်ပဲပေါ့"

ဒီလောက်ဆို သိသင့်ပြီ။ ပြည်သူတွေ ဟင်းတစ်ခွက် လျှော့စရာ မရှိတဲ့ ဘဝရောက်နေတာကြာပြီ။ (မြင့်လှိုင်ရဲ့ ထမင်းတစ်နပ် လျှော့စားဆို တာကမှ ရေးတေးတေး ရှိသေးတယ်) တကယ်တော့ တချို့က ထမင်းနပ် မမှန်တဲ့ ဘဝတွေ။ ကုန်ဈေးနှုန်းကျချင်ရင် မြန်မာငွေ တန်ဖိုးတက်အောင် အစိုးရက လုပ်ရမှာ။ အခွင့်အရေးယူနေတဲ့ အမြတ်ကြီး ဘယ်သူသေသေ ငတေမာ ပြီးရောဆိုတဲ့သူတွေကို ထိန်းချုပ်ရမှာ။ ကုန်ဈေးနှုန်းတွေ ထပ်တက် မလာအောင် ကာကွယ်ရမှာ။ အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်လာ အောင်၊ ပြည်သူလူထု သက်သာချောင်ချိလာအောင် ဆောင်ရွက်ရမှာ အခု တော့။

အလှူမလုပ်ကြနဲ့။ (ဗုဒ္ဓဘာသာဝင်တွေအတွက် ဒါန၊ သီလ၊ ဘာ ဝနာ ဆိုတဲ့အတိုင်း အခြေခံကုသိုလ်အလုပ်ကိုတောင် တားမြစ်တာ။)

လက်ဖက်ရည်ဆိုင် မထိုင်ကြနဲ့။ (ပြည်သူလူထုဟာ အစိုးရမင်းများ လို ခရိုနီအ ထက်တန်းစား လူကြီးမင်းများလို နိုက်ကလပ်တက်ပြီး တန်ဖိုး ကြီး နိုင်ငံခြား အရက်တွေကို ချောင်းစီးအောင် သောက်နေတာ မဟုတ်ဘူး။ သူတို့ရဲ့ ဆင်းရဲပင်ပန်းတဲ့ဘဝ အမောတွေကို ဖြေစရာဟာ ဒီရပ်ကွက်ထဲက ခပ်စုတ်စုတ် လက်ဖက်ရည်ဆိုင် ကလေးတွေပဲ ရှိတယ်။ လူထုချက်နို့ဆီနဲ့ ဖျော်တဲ့ လက်ဖက်ရည်ခပ်ကျဲကျဲလေး သောက်တာတောင် မသဒ္ဓါဘူးဆိုရင် တော့။)

အဲဒါကို ဥပဒေထုတ်လို့ ရမလားတဲ့။ မေးသေးတယ်။ အဲသလိုဆိုရင် တော့ ကျွန်တော်တို့ဘက်က အချိန်မရွေး စိန်ခေါ်နိုင်ပါတယ်။ အိမ်တစ်အိမ် ဟင်းတစ်မည်တည်းသာ စားရမယ်ဟု တစ်ပြေးညီ ဥပဒေ ပြဋ္ဌာန်းလိုက်။ တစ်နိုင်ငံလုံး လိုက်နာ။ (အစိုးရ အဖွဲ့ဝင်တွေ၊ လွှတ်တော် ကိုယ်စားလှယ် တွေ အပါအဝင်၊ ထမင်းစားချိန် အိမ်တွေကိုတော့ ရှောင်တခင် ဝင်ရောက် စစ်ဆေးခွင့်ပေးရမည်။ ဟင်းတစ်ခွက်ထက် ပိုစားရင် မိသားစုတစ်စုလုံး

mgyoe.com

ကြိမ်ဒဏ်ရိုက် အပြစ်ပေး။) တကယ်တော့လည်း ဒီလိုလုပ်ဖို့ မလိုပါဘူး။ (ချစ်တီးခေါင်း သန်းရှာတဲ့အလုပ်။) အစိုးရအဖွဲ့ဝင်တွေ၊ ကိုယ့်အလုပ်ကိုယ်သာ ပီပီပြင်ပြင်လုပ်ကြရင်။

အခုတော့ ထင်သလောက် အရာမရောက်ခဲ့ပါဘူးဆိုတာ တာဝန်ရှိသူတွေ ဝန်ခံစကားပြောသံ ကြားနေပြီ။ ဒါဆို ရှေ့ကျန်တဲ့ ၂ နှစ်တာ အချိန်အတွင်း ထိုက်သင့်တဲ့ အပြောင်းအလဲတွေဖြစ်အောင် ကြိုးစားကြလိမ့်မယ်လို့ ပြည်သူ ယုံကြည်အားထားနေဆဲပါ။ **ထမင်းတစ်နပ် လျှော့စားခိုင်းတဲ့ အစိုးရအဖွဲ့ကို တော်လှန်ဖြုတ်ချလိုက်ကာမှ ဟင်းတစ်နပ် လျှော့စားခိုင်းတဲ့ အစိုးရအဖွဲ့နဲ့ တိုးရတာမျိုးတော့ မဖြစ်စေချင်ဘူးပေါ့။** ဝန်ကြီးချုပ်ဒေါက်တာအေးဇံ ကိုယ်တိုင်ကလည်း ဇန်နဝါရီ ၃ ရက် လူထုတွေ့ဆုံပွဲမှာ "မွန်ပြည်နယ် အစိုးရအဖွဲ့ အချို့နေရာတွေမှာ အဂတိ လိုက်စားမှုတွေ ရှိနေတယ်ဆိုတာ ဝန်ခံပါတယ်"ဟု ပြောခဲ့သည်။

အစိုးရ အဖွဲ့အတွင်း အပြောင်းအလဲတွေကိုတော့ ကျန်ရက်ပိုင်းအတွင်း မြင်တွေ့နေရသည်။ ရခိုင်ပြည်နယ် စည်ပင်ဝန်ကြီး ဦးမင်းအောင်ကို လွှတ်တော်က စွပ်စွဲပြစ်တင်ထားသည်။ ဧရာဝတီတိုင်း စိုက်ပျိုးရေး၊ သယံဇာတနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်း ထွက်စာတင်သည်။ မကွေးတိုင်းဝန်ကြီးချုပ် နေမျိုးဆွေ နုတ်ထွက်ပြီး ဝန်ကြီး ဦးစိုးမြင့်လည်း အနားယူမည်ဟု ဆိုသည်။

NLD လွှတ်တော် ကိုယ်စားလှယ်များ တိုင်ကြားစာဌာနအဖွဲ့ ခေါင်းဆောင် ဒေါက်တာမျိုးညွန့်က ချမှတ်ထားသော ပါတီစည်းကမ်းများ လိုက်နာခြင်း မရှိသောကြောင့် တိုင်းနှင့်ပြည်နယ်အဆင့် ဝန်ကြီး ၅ ဦးခန့်ကို အရေးယူရန် တင်ပြထားကြောင်း ပြောကြားခဲ့သည်။

ထို့အတူ ၂၀၁၇ တစ်နှစ်အတွင်း ပြည်သူလူထု တိုင်ကြားမှုကြောင့် လွှတ်တော် ကိုယ်စားလှယ် ၃၀ ဦးကိုလည်း အရေးယူခဲ့ကြောင်း ပြောသည်။ လူထုကတော့ စစ်မှန်သော အပြောင်းအလဲကို စောင့်မျှော်နေကြလေသည်။

**News Watch ဂျာနယ်၊ ၁၃-၁-၂၀၁၈။**

❒

mgyoe.com

mgyoe.com

# ဘာလဲဟဲ့ ဒီမိုကရေစီ

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ၁၉၄၈ လွတ်လပ်ရေးရပြီး ဒီမိုကရေစီ ထူထောင်စအချိန်တွင်ပင် ပန်းကောင်းအညွန့်ကျိုး ဖြစ်ခဲ့ရသည်။ ၁၉၆၂ ဦးနေဝင်း ဦးဆောင်သည့် စစ်တပ်က အာဏာသိမ်းခြင်းဖြင့် ဒီမိုကရေစီလည်း တစ်ခန်း ရပ်ခဲ့ရသည်။ တော်လှန်ရေးကောင်စီအစိုးရ တစ်ဖြစ်လဲ မဆလ အစိုးရ။ နောက် ၁၉၈၈ ဒီမိုကရေစီ အရေးတော်ပုံကို ထပ်မံအာဏာ သိမ်းယူခြင်းဖြင့် နာလန်မထူအောင် ဆောင်ရွက်ခဲ့သည့် နဝတ၊ နအဖအစိုးရ။ အနှစ် ၅၀ ကျော် ဒီမိုကရေစီ ဆိတ်သုဉ်းခဲ့သည်။ သို့သော် မြန်မာပြည်သူများကား ခေါင်းငုံ့အညံ့ခံနေတတ်သူတွေ မဟုတ်။ လူ့အခွင့်အရေး တိုက်ပွဲ၊ ဒီမိုကရေစီ အရေး တိုက်ပွဲတွေကို ထိုအာဏာရှင်များ သက်တမ်းတစ်လျှောက် အပွဲပွဲ ဆင်နွှဲခဲ့သည်။ ဆဲဗင်းဇူလိုင်၊ မှိုင်းရာပြည့်၊ ဦးသန့်အရေးအခင်း၊ ကျွန်းဆွယ် အရေးအခင်း၊ အထွေထွေ အလုပ်သမားသပိတ်၊ နောက်တော့ ၈၈ အရေးတော်ပုံ၊ ပြည်သူတွေက သူတို့ ရင်ထဲရှိတာတွေ ထုတ်ဖော်ပြခဲ့ကြသည်။

၈၈ နောက်ပိုင်းတွင် ဒီမိုကရေစီနည်းကျ အစိုးရဖွဲ့ခွင့်ပေးမည်ဟု ဆိုကာ ပါတီတွေ တည်ထောင်ခွင့်ပြုသည်။ ၁၉၉၀ ရွေးကောက်ပွဲ ဖြစ်လာသည်။ သို့သော် စစ်တပ်က ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြု။ လွှတ်တော် ခေါ်သည်။ သို့သော် ထိုလွှတ်တော်မှာ အခြေခံဥပဒေ ရေးဆွဲရန် အတွက်သာ တာဝန်ရှိသည်ဟု အာဏာလွှဲမပေး။ တစ်နိုင်ငံလုံး မခံမရပ်နိုင်

mgyoe.com

ဖြစ်သည်။ အထူးသဖြင့် ရွေးကောက်ပွဲ အောင်နိုင်ခဲ့သည့် NLD ပါတီ။ သို့သော် ရွေးကောက်ခံ NLD အမတ်တွေကို ဖမ်းဆီးထောင်ချခြင်းဖြင့် ဖြိုခွဲပစ်သည်။ တချို့က ပြည်ပကို ထွက်ပြေးသွားရသည်။ ညောင် ၂ ပင် စခန်းကနေ၍ သူတို့ အလိုကျ ရေးဆွဲထားသော အခြေခံဥပဒေနှင့်အညီ ကျင်းပသည့် ရွေးကောက်ပွဲကို NLD ပါတီက သပိတ်မှောက်သည်။ သို့ဖြင့် အခြေခံဥပဒေနှင့်အညီဆိုသော အရပ်သား ဦးသိန်းစိန်အစိုးရ ပေါ်ထွန်းလာသည်။ ဦးသိန်းစိန်အစိုးရ ငါးနှစ်သက်တမ်း တစ်လျှောက်လုံး (စာပေစိစစ်ရေး ဖျက်သိမ်းခြင်း၊ ပုဂ္ဂလိကသတင်းစာများ ပေါ်ထွန်းလာခြင်း စသဖြင့်) ပြောရေးဆိုခွင့်တွေ အရင်ကထက် ပိုရလာသည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးအတွက် တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားများ၊ နိုင်ငံရေးစာပေပညာရှင်များက ပြောဆိုခဲ့ကြသလို NLD ပါတီဝင်များကလည်း ဝေဖန်ထောက်ပြကြသည်။ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် အပြောဆိုဆုံးဟု ဆိုနိုင်သည်။

နိုင်ငံရေး ပရိယာယ်ကို ပြောင်းမည်။ ၂၀၁၅ ရွေးကောက်ပွဲကို NLD ဝင်ပြိုင်ကာ အစိုးရ ဖွဲ့နိုင်သည့် အခြေအနေ ဆိုက်ရောက်လာသည်။ ထင်တိုင်းမပေါက်တာ အမှန်။ စစ်တပ်က (၂၀၀၈ ဖွဲ့စည်းပုံအရ) အာဏာတချို့ တစ်ဝက်ကို ဆုပ်ကိုင်ထားသည်။ သို့သော်လည်း NLD သည် ရွေးကောက်ပွဲမတိုင်မီ ပေးခဲ့သော ကတိကဝတ်တွေကိုလည်း ပီပြင်အောင် မဆောင်ရွက်နိုင်ခဲ့။ ပြည်သူတွေ ဆင်းရဲဒုက္ခအပုံကြားမှ မလွတ်မြောက်နိုင်သေး။ အထွေထွေ အကျပ်အတည်းတွေ ရင်ဆိုင်နေရသည်။ ဒီတော့ တစ်သီးပုဂ္ဂလ နိုင်ငံရေးသမားတွေ၊ အတိုက်အခံ အဖွဲ့အစည်းတွေ၊ နိုင်ငံရေး စာပေပညာရှင်တွေက ဝေဖန်ထောက်ပြ ပြောဆိုကြသည်။

အရင်က အတိုက်အခံ ပါတီတစ်ရပ်အနေဖြင့် အာဏာရအစိုးရကို အပြင်းအထန် ထောက်ပြဝေဖန်ခဲ့သော NLD သည် သူတို့ အလှည့်ရောက်သောအခါ "အထိမခံ ရွှေပန်းကန်" ဇာတ်ခင်းလာသည်။ ၆၆ (ဃ) ကို အသုံးပြု ဖိနှိပ်မှုမှာ ဦးသိန်းစိန်အစိုးရ လက်ထက်ကထက်ပင် ပို၍ များပြားနေသည်ကို တွေ့ရသည်။ ပါတီတွင်းမှာရော လွှတ်တော်တွင်းမှာပါ အာဏာရှင်ဆန်ဆန် ကျင့်သုံးမှုတွေ တွေ့လာရသည်။

mgyoe.com

mgyoe.com

မကြာခင်က ဖြစ်ခဲ့သော အဖြစ်မှာတော့ အရုပ်အဆိုးဆုံး ဖြစ်သည်။ ရန်ကုန်တိုင်း ဝန်ကြီးချုပ်နှင့် ပတ်သက်၍ ဆန္ဒထုတ်ဖော်ရန် စီစဉ်သော မိုက်ကယ် ကျော်မြင့်ကို ဆန္ဒဖော်ထုတ်ခြင်း မပြုမီမှာပင် အသရေဖျက်မှုဖြင့် တရားစွဲကာ ဖမ်းဆီးလိုက်ခြင်း ဖြစ်သည်။ (တရားလိုက ရန်ကုန်တိုင်း အစိုးရအဖွဲ့ အတွင်းရေးမှူး)။ မိုက်ကယ်ကျော်မြင့်ကို ထောက်ခံနေခြင်း မဟုတ်ပါ။ သူ့နေရာတွင် ဘယ်သူမဆိုဖြစ်စေ၊ ဆန္ဒကို ဖော်ထုတ်ခွင့်ရှိသည် ဟု ဆိုချင်ပါသည်။ ဆန္ဒဖော်ထုတ်ပြီးမှသာ အသရေဖျက်သော အကြောင်း အရာများ ပါလာပါက အရေးယူသင့်သည်။ ယခုတော့ ဘာတွေ ဆန္ဒဖော် ထုတ်မည်ဆိုသည်ကိုပင် မသိရသေးဘဲ ကြိုတင်ဖမ်းဆီးကာ အသရေဖျက်မှု နှင့် အရေးယူတာကတော့ အရုပ်ဆိုးလှသည်။ NLD အစိုးရကို ဒီမိုကရေစီ ဘာလဲဟု မေးခွန်းထုတ်ရတော့မလို ဖြစ်နေလေပြီ။

သူရိယအလင်း ဂျာနယ်၊ ၈–၁၁–၂၀၁၇။

❐

mgyoe.com

mgyoe.com

## မြောက်ဦးစစ်တုမ်း

၁။ မြန်မာနိုင်ငံသည် လက်ရှိအခြေအနေ၌ အမျိုးသား ပြန်လည်သင့်မြတ်ရေး။ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး ဟူသော ရည်ရွယ်ချက်ကြီး ၃ ရပ်ကို ကြိုးစား အကောင်အထည်ဖော်နေသော အခိုက်အတန့်ကာလဖြစ်သည်။ ဤကဲ့သို့သော အချိန်မျိုးတွင် 'မြောက်ဦး အရေးအခင်း' ဖြစ်ပေါ်လာခြင်းမှာ နံ့သာခွက်ထဲ မစင်တစ်စက် ကျဘိသကဲ့သို့ အကျည်းတန် အရုပ်ဆိုးလှသည့် ဖြစ်ရပ်ပင် ဖြစ်လေသည်။

၂။ ဖြစ်စဉ်အစများ

ဇန်နဝါရီ ၁၆ ရက်နေ့တွင် မြောက်ဦးမြို့၌ ကျင်းပမည့် 'ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာအာဏာ ကျဆုံးခြင်း ဝမ်းနည်းကြေကွဲဖွယ် အခမ်းအနား' ကျင်းပမှုကို သက်ဆိုင်ရာက တားမြစ်ရာမှ အဓိကရုဏ်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ သက်ဆိုင်ရာမှ ရှင်းလင်းပြောကြားရာတွင် ထိုပွဲကျင်းပမည့် 'နန်းတော်ကုန်း' နေရာသည် (မြောက်ဦးဘုရင်၏ နန်းတော်ဟောင်း) ရှေးဟောင်း အမျိုးသား

mgyoe.com

mgyoe.com


အမွေအနှစ်အဖြစ် ယဉ်ကျေးမှု ဝန်ကြီးဌာနက ခွင့်ပြုချက် မပေးနိုင်ခြင်း ဖြစ်သည်။ နောက်တစ်ကြောင်းမှာ ထိုနေရာတွင်ပင် ပြုလုပ်မည့် ဒေါက်တာအေးမောင်နှင့် ဆင်အိုကြီး ကျောင်းတိုက် ဆရာတော်တို့အား ဟောပြောခွင့် မပြုနိုင်ခြင်း ဖြစ်သည်။ (ဤရက် မတိုင်မီ ဇန်နဝါရီ ၁၅ ရက်က ရသေ့တောင်တွင် ပြုလုပ်ခဲ့သည့် စာပေဟောပြောပွဲ၌ စာရေးဆရာ ဝေဟင်အောင်နှင့်အတူ ဒေါက်တာ အေးမောင်က ဟောပြောရာတွင် နိုင်ငံတော် အချုပ်အခြာ အာဏာကို ထိပါးသော ဟောပြောမှုတွေပါဝင်နေသောကြောင့် ကြိုတင်ဟန့်တားခြင်းလည်း ဖြစ်ပုံရသည်) အခမ်းအနားနှင့် ဟောပြောပွဲ ကျင်းပခွင့် မပြုကြောင်း သိရသဖြင့် မကျေမချမ်း ဖြစ်နေသော လူအုပ်ကြီးသည် ကြွေးကြော်သံများဖြင့် မြို့တွင်း လှည့်လည်ဆန္ဒပြရာမှ လူအုပ်များ သထက်များလာကာ (ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့ ရဲမှူးကြီး စကားအရ သောင်းဂဏန်းအထိရှိသည်ဟု ဆိုပါသည်) အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ရုံးသို့ ရောက်ရှိသွားကာ ရုံးထဲဝင်၍ ထိန်းမနိုင်၊ သိမ်းမရ ဖျက်ဆီးလာသဖြင့် ရဲတပ်ဖွဲ့က ဟန့်တားပစ်ခတ်ရာမှ လူခုနစ်ဦး သေဆုံးကာ ၁၂ ဦး ဒဏ်ရာရသည်အထိ ဖြစ်ခဲ့ရခြင်း ဖြစ်ပါသည်။

## ၃။ သုံးသပ်ရလျှင်...

'ရခိုင်ဘုရင့်နိုင်ငံတော် အချုပ်အခြာ အာဏာဆုံးရှုံးသောနေ့' ဟူသော အမည်ကပင် အမျိုးသား ပြန်လည် သင့်မြတ်ရေး၊ ဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရေး ကြိုးပမ်းနေသော ကာလအတွက် လမ်းပေါ်မှာ ဆူးကြဲသလို အဖြစ်မျိုးသာ ဖြစ်သည်။ ယခုအခါသည် အနာဟောင်းကို တူးဆွရမည့်ကာလ မဟုတ်။ တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ရသည့် ပါတော်မူနေ့ကိုပင် ကျွန်တော်တို့ တခုတ်တရ ကျင်းပလေ့ မရှိ။ အတိတ်ပဒေသရာဇ် သမိုင်းမှာ ဖြစ်ပွားခဲ့သော ဧကရာဇ်များ၊ ဩဇာအာဏာ ထူထောင်လိုမှု၏ ရလဒ် စစ်ပွဲများကို အထအန ကောက်ရမည်ဆိုလျှင်

mgyoe.com

mgyoe.com


ရှမ်းခေါင်းဆောင် သိုဟန်ဘွား ဖျက်ဆီးခဲ့သည့် အင်းဝ နေပြည်တော်အကြောင်း၊ မွန်မြန်မာ အနှစ် ၄၀ စစ်ပွဲတွေအကြောင်း မေ့ထား၍ ရမည်မထင်။ ကျားသေကို အသက်သွင်းတာလို အကျိုးများစရာမရှိသော ကိစ္စများသာ ဖြစ်သည်။ အကယ်၍ ယဉ်ကျေးမှုအရ ကျင်းပမည်ဆိုလျှင်တောင် ကာလဒေသ၊ အချိန်အခါနေရာကို တွက်ဆရဦးမည်။

ဒေါက်တာအေးမောင်တို့ ပြောဆိုမှုကလည်း ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နေသော ကာလ၌ 'မီးလောင်ရာလေပင့်' မဟုတ်ဘဲ မီးလောင်ရာ ဓာတ်ဆီလောင်းသကဲ့သို့ ဖြစ်နေသည်ဆိုတာ အနည်းငယ် အသိဉာဏ်ရှိသူတိုင်း သဘောပေါက်ပြီး ဖြစ်သည်။ (ထို့ကြောင့် သူ့ကို ရခိုင်တိုင်းရင်းသားတိုင်းကပင် မထောက်ခံခဲ့ကြခြင်း ဖြစ်ပါသည်။ အစွန်းရောက်ဟူသရွေ့ လက်ဝဲလက်ယာ အစွန်းရောက်၊ ဘာသာရေး အစွန်းရောက်၊ အမျိုးသားရေး အစွန်းရောက်၊ ဘယ်အစွန်းရောက်မှ မကောင်းချေ။

၄။ နောက်တစ်ခု ထူးခြားသည်။ ဤပွဲများ ဖြစ်မြောက်အောင် စီမံသူများသည် အုံကြွမှုဖြစ်လာချိန်၌ အချိန်ကိုက် ထိန်းထိန်းသိမ်းသိမ်း မဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ ရခိုင်အမျိုးသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဦးလှစော၏ စကားအရမူ လူတစ်စု၏ ကျူးသွင်းခံကာ ထောင်ချောက်ထဲ ရောက်သွားခြင်း ဖြစ်သည်ဟု ဆိုသည်။ ဒါကို လူအများ၏ မကျေမနပ်ဖြစ်မှုကို ဖောက်ခွဲကာ အကျိုးအမြတ် ရှာဖွေသွားသူတွေကို တတ်နိုင်သူတွေက ဖော်ထုတ်ဖို့ လိုနေပေပြီ။ (ယခင် အရေးအခင်းများကလည်း ဒီလိုအဖြစ်မျိုး ရှိခဲ့ဖူးသည်)။

၅။ ဤအရေးအခင်းနှင့် ပတ်သက်၍ သာမန်ပါဝင်သူများ၊ အခွင့်ကောင်းယူကာ (ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် ရည်ရွယ်ချက်မဲ့) အဓိကရုဏ်းအသွင် ဖန်တီးချင်သူများဟူ၍ ခွဲထုတ်ရမည်။ ဘယ်လို ရည်ရွယ်ချက်နှင့်ပင် ဖြစ်စေ (လွတ်လပ်စွာ စီတန်းလှည့်လည်ဆန္ဒပြခြင်းဟာ လွန်၍) အစိုးရပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်

mgyoe.com